ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

တတိယနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်**

**( ၂၀၁၅ ခုနှစ်၊ဇန်နဝါရီလ ၂၁ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့တတိယနေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာလွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၇.၄၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ၂၀၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ တတိယနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကျန်းမာရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသောင်းဖေ၊ မွန်(၈)ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၇)ဦး ဖြစ်ပြီးခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကိုလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ယခင်အစိုးရလက်ထက်က ဆောင်ရွက်လုပ်ကိုင်ခဲ့သည့် ဖျာပုံမြို့နယ်၊ သမဝါယမအသင်းပိုင်လုပ်ငန်းများ၊ ငွေကြေးများ၊ အဆောက်အအုံများ၊ ဆန်စက်၊ သင်္ဘောကြီးများနှင့် လယ်ယာမြေများကို ယခုအစိုးရလက်ထက်တွင် မည်သို့မည်ပုံ စီမံခန့်ခွဲထားသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ယခု ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ က ယခင်အစိုးရ လက်ထက်က ဆောင်ရွက်လုပ်ကိုင်ခဲ့သည့် ဖျာပုံမြို့နယ်၊ သမဝါယမအသင်းပိုင်လုပ်ငန်းများ၊ ငွေကြေးများ၊ အဆောက်အအုံများ၊ ဆန်စက်၊ သင်္ဘောကြီးများနှင့် လယ်ယာမြေများကို ယခု အစိုးရ လက်ထက်တွင် မည်သို့မည်ပုံ စီမံခန့်ခွဲထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ကော်မရှင်အဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊

ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ယခင်အစိုးရလက်ထက်က ဆောင်ရွက်လုပ်ကိုင်ခဲ့တဲ့ ဖျာပုံမြို့နယ်သမဝါယမအသင်းပိုင်လုပ်ငန်းများ၊ ငွေကြေးများ၊ အဆောက်အအုံများ၊ ဆန်စက်၊ သင်္ဘောကြီးများနှင့် လယ်ယာမြေများကို ယခုအစိုးရလက်ထက်တွင် မည်သို့မည်ပုံ စီမံခန့်ခွဲထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖျာပုံမြို့နယ်မှာရှိတဲ့ သမဝါယမအသင်းကြီးဟာ သမဝါယမလုပ်ငန်းတွေ မဖျက်သိမ်းမီမှာ ဖျာပုံမြို့နယ်မှာ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ခဲ့တဲ့ အသင်းကြီးတစ်ခုဖြစ်ပါတယ်။ အသင်းကြီးရဲ့ အလုပ်အမှုဆောင် များ ရိုးသားမှု၊ သစ္စာရှိမှု၊ ကြိုးစားမှုကြောင့် တိုးတက်ခဲ့တာလည်း ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်း မှာ ရပ်ကွက်/ကျေးရွာ သမဝါယမအသင်းများနဲ့ မြို့နယ်သမအသင်းကြီးကို ဖျက်သိမ်းခဲ့တာဖြစ်ပါ တယ်။ အဲဒီလိုဖျက်သိမ်းခဲ့စဉ်မှာ ဖျာပုံမြို့နယ် ရပ်ကွက်/ကျေးရွာ သမဝါယမအသင်းသားများရဲ့ငွေတွေ၊ မြို့နယ်သမအသင်းရဲ့ ငွေကြေးတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ ရန်ကုန် နဲ့ ဖျာပုံကို ပြေးဆွဲနေတဲ့ နမ်းဆန် သင်္ဘောကြီးရဲ့ ရောင်းချရငွေတွေ၊ ဖျာပုံမြို့နယ် အသင်းပိုင် ဆန်စက်ရောင်းချရငွေတွေဟာ စုစုပေါင်း ငွေကြေးတွေကို ဘယ်လို သုံးစွဲထားတယ်ဆိုတာကို သိရှိလိုတယ်ဆိုပြီးတော့ ကျွန်တော် နယ်မြေကို ပြန်ဆင်းတဲ့အခါမှာ မဲဆန္ဒရှင်ပြည်သူတွေက အသီးသီးမေးမြန်းခဲ့ပါတယ်။ မေးမြန်းတာ တော့ ကြာပါပြီ။ ဒါပေမဲ့ ကျွန်တော်လည်း အကြောင်းအမျိုးမျိုးနဲ့ ကျွန်တော့်အနေနဲ့ တင်ပြတဲ့ ဒီ လွှတ်တော်ကနေတစ်ဆင့် မေးခွန်း မေးတာမှာ အခုမှ ကျွန်တော်တို့ နောက်ကျသွားပါတယ်။

ကျွန်တော့်အနေနဲ့ အခုမှ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဖ.ဆ.ပ.လ လက်ထက် မှာ ကျွန်တော်တို့ တောင်ပိုင်းသမဝါယမအသင်းကြီးရဲ့ ကြိုးစားအားထုတ်မှု၊ ရိုးသား သစ္စာရှိမှုကြောင့် တိုးတက်ကြီးပွားပြီးတော့ ဒီ ဒေသစိတ်(၆)ရပ်ကွက်၊ ဖျာပုံမြို့နယ်ရဲ့ ဒေသစိတ်(၆)ရပ်ကွက်၊ ပထမလမ်း အမှတ်(၁၆)မှာရှိတဲ့ (၂)ထပ်တိုက် အဆောက်အဦကို သမဝါယမအသင်းပိုင်အဖြစ် ဝယ်ယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ အခုအခါမှာ ဖျာပုံမြို့နယ် သမဝါယမဦးစီးဌာနရုံးအဖြစ် ဖွင့်လှစ်ထားခဲ့ပါတယ်။

နောက်တစ်ခါ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာလည်း ဖျာပုံမြို့နယ်သမဝါယမအသင်းကြီးကနေပြီးတော့ ဖျာပုံမြို့ ဒေသစိတ်(၄)ရပ်ကွက်၊ ပထမလမ်းတိုက်အမှတ်(၅၅)ကို မြို့နယ်အသင်းကြီးပိုင်အဖြစ်ကို ဝယ်ယူနိုင်ခဲ့ပါတယ်။ အဆိုပါ ကျွန်တော်တို့ ဖျာပုံမြို့ ပထမလမ်းရှိ တိုက် အမှတ်(၁၆)နဲ့ တိုက်အမှတ်(၅၅)တို့ကို ယခုကာလမှာ မြို့နယ်သမဝါယမဦးစီးဌာနကနေပြီးတော့ မွေး/ရေဘဏ်မှာ သိန်း(၂၀၀၀)နဲ့ ပေါင်နှံထားတယ်ဆိုပြီးတော့ ကျွန်တော် ဒေသဆင်းတဲ့အခါမှာ ပြည်သူတွေရဲ့ ပြောပြချက်အရ ကြားသိရပါတယ်။ ဒါကိုလည်း ပြည်သူများကစိတ်ဝင်စားပါတယ်။ ဒါကို မေးပေးပါဆိုပြီး ကျွန်တော်ကိုလည်း ဆန္ဒပြုကြပါတယ်။ ဒီအတွက် ခုနက ပထမပိုင်းတုန်းက ဒီအသင်းပိုင် ဒီပစ္စည်းတွေရောင်းချခဲ့တယ်၊ ဆန်စက်ကြီးတွေ ရောင်းချခဲ့တယ်၊ နမ်းဆန်သင်္ဘောကြီးတွေ ရောင်းချခဲ့တယ်။ ဒီငွေကြေးတွေ ဘယ်ရောက်သွားသလဲ ရှိပါရဲ့နဲ့ နောက်တစ်ခါ အခုဒီ သမဝါယမပိုင် အဆောက်အဦနှစ်ခုကို သိန်း(၂၀၀၀)နဲ့ ဘဏ်မှာပေါင်နှံထားတာကို သူတို့အနေနဲ့ဘာကြောင့် ဒီလိုမျိုး ဆောင်ရွက် တယ်ဆိုတာကို သိချင်ပါတယ်ဆိုပြီး ကျွန်တော်ကို မေးလာပါတယ်ခင်ဗျ။

ဖျာပုံမြို့နယ်မှာ နောက်တစ်ခုက ဖျာပုံမြို့နယ်မှာ လယ်ယာ သမဝါယမအသင်း(၁၃)သင်း ရှိပါတယ်။ အဲဒီ(၁၃)သင်းကနေပြီးတော့ လယ်ဧကပေါင်း(၂၇၉၉)ဧကကို မြို့နယ်သမဝါယမဦးစီးဌာန ကနေ ကြီးကြပ်ဆောင်ရွက်နေတာ အခုချိန်ထိဖြစ်ပါတယ်။ မြို့နယ်သမဝါယမဦးစီးဌာန ကနေပြီးတော့ ၂၀၀၉ ခုနှစ်မှစပြီး ယနေ့ထိကို အဆိုပါ သမလယ်ယာ ဧက(၂၇၉၉)ဧက အပေါ်မှာ တောင်သူများထံမှ နှစ်စဥ်လယ်မြေငှားရမ်းခအဖြစ် တစ်ဧကကို(၁၀၀၀၀)နှုန်းနဲ့ တောင်သူတွေကို လုပ်ကိုင်စေတာ ဖြစ်ပါတယ်။ အဆိုပါ ငှားရမ်းခငွေများကို တောင်သူတွေကို ငွေ(၁၀၀)ကို (၂)ကျပ်နှုန်းအတိုးနဲ့ ရရှိတဲ့ ဒီမြေငှားရမ်းခတွေထဲကနေပြီးတော့ တောင်သူတွေကို ငွေ(၁၀၀)ကို (၂)ကျပ်တိုးနှုန်းနဲ့ ပြန်ပြီးတော့ ချေးငှားထားတယ်ဆိုတာကိုလည်း သိရှိရပါတယ်။

အဆိုပါ ဒီတောင်သူများထံကနေပြီးတော့ တစ်ဧကကို မြေငှားရမ်းခ (၁၀၀၀၀)နှုန်းနဲ့ ငှားရမ်းခြင်းကို (၅)နှစ်တိုင် ဆောင်ရွက်ခဲ့ပြီးဆိုတာကိုလည်း ကျွန်တော့်ကို ဒီမေးခွန်းနဲ့ ဆက်စပ်တဲ့ မေးခွန်းတစ်ခုမှာ ဒီကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကနေပြီးတော့မှ ပြန်ပြီးတော့ ဖြေကြားထားခဲ့ပါတယ်။ စာအမှတ် ၁/၁/၁၆(၃၄၇၀)သမဝ-၂၀၁၄၊ စက်တင်ဘာ(၃)ရက် ၂၀၁၄ ရက်စွဲနဲ့ ကျွန်တော်ဆီကို ပြန်ပြီးတော့ ဖြေကြားထားခဲ့တာလည်း ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အခု တောင်သူတွေထံကနေပြီးတော့ ဒီ(၅)နှစ်တိုင် (၁)ဧကကို မြေငှားရမ်းခ(၁၀၀၀၀)နှုန်းနဲ့ မြေငှားရမ်းခငွေပေါင်း (၁၃၉၉၅၀၀၀၀)ကျပ် ရရှိနေပြီ ဖြစ်ပါတယ်။ ဒါ ဒီဟာက အတိုးတွေမပါသေးပါဘူး။ လယ်သမားတွေကိုချေးငှားထားတဲ့ အတိုးတွေ (၂)ကျပ်အတိုးနှုန်း မပါသေးပါဘူး ခင်ဗျား။ အဲဒီတော့ အသားတင်မြေငှားရမ်းခ သိန်းပေါင်းဟာ(၁၃၉၉)သိန်း ရရှိနေပြီ ဖြစ်ပါတယ်။

နောက်တစ်ခါ ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဥ်ပါတီခေတ်မှာ သမဝါယမဝန်ကြီး ဦးစိန်ထွန်း ကိုယ်တိုင် ဇင်းဘောင်တောကြီးကို ခုတ်ထွင်ပြီးတော့ သမဝါယမလယ်ယာမြေ အဖြစ်ဧက (၁၀၀၀)ကျော်ကို ဖော်ထုတ်ဆောင်ရွက်ခဲ့ပါတယ်။ ရှေ့ပိုင်းကာလမှာ မအောင်မြင်တဲ့အတွက် သက်ဆိုင်ရာ ကျေးရွာ ရ.ဝ.တ များကို အဲဒီတုန်းကတော့ ကျွန်တော်တို့ ရပ်ကွက်အေးချမ်းသာယာရေး ရပ်ကွက် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်ပေါ့၊ အဲဒီမှာ ကျွန်တော်တို့ ဧက(၈၀၀)ကို မလုပ်နိုင်တဲ့ အတွက် ပြန်ပြီးအပ်နှံခဲ့ပါတယ်။ အဲဒီလို ကျေးရွာပြန်အပ်တဲ့အခါမှာ ကျေးရွာ ရ.ဝ.တတွေ ကနေပြီးတော့ တန်းစီဇယားနဲ့ တောင်သူတွေကိုပြန်ပြီးတော့ လယ်ယာမြေတွေကို ပြန်ချထားပေးခဲ့ပါတယ်။ ဒါပေမဲ့ အခု ကာလမှာ ကျွန်တော်တို့ သမပိုင်လယ်မြေအဖြစ် တချို့လယ်မြေတွေကို ပြန်သိမ်းတဲ့အတွက် ဒေသခံ လယ်သမားအချို့နဲ့ လယ်ပြဿနာ ပဋိပက္ခလေးတွေ ဖြစ်နေတာကိုလည်း ကြားသိရပါတယ်။ သူတို့ ဒေသခံလယ်သမားတွေရဲ့ တင်ပြချက်အရ သိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့အချက်တွေအနေနဲ့ကတော့ နံပါတ်(၁)က ဖျာပုံမြို့နယ်သမဝါယမအသင်းနဲ့ ရပ်ကွက်/ကျေးရွာ အသင်းတွေကို ဖျက်သိမ်းလိုက်တဲ့အတွက် ဖျာပုံ-ရန်ကုန်သွားတဲ့ နမ်းဆန်သင်္ဘောရောင်းချရငွေတွေ၊ ဆန်စက်ရောင်းချရငွေတွေ၊ အသင်းသားများပိုင်တဲ့ ငွေကြေးတွေ ဘယ်လောက်ရှိတယ်ကို သိရှိလိုပါတယ်။ နောက်တစ်ခါ အဲဒီအသင်းသားပိုင် ငွေကြေးတွေကို ဖျာပုံမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ငွေကြေးတွေ ပြန်လည်သုံးစွဲပေးဖို့များ အစီအစဥ် ရှိ၊ မရှိကိုလည်း သိရှိလိုပါတယ်။

နံပါတ်(၂)အချက်အနေနဲ့ ဖျာပုံမြို့နယ်အသင်းပိုင် ဖျာပုံမြို့ ပထမလမ်း(၆)ရပ်ကွက် အမှတ် (၁၆)မှာရှိတဲ့ တိုက်နဲ့ ဒေသစိတ် (၄)ရပ်ကွက် ပထမလမ်း၊ တိုက်အမှတ် (၅၅)တို့ကို မွေး/ရေ ဘဏ်မှာ သိန်း(၂၀၀၀)နဲ့ လက်ရှိမှာ ပေါင်နှံထားခြင်း ရှိ၊ မရှိကိုလည်း သိရှိလိုပါတယ်။ ဒါ ပြည်သူများမေးမြန်းတဲ့အတွက် ဒီဟာပေါ်မှာ ဖြေကြားလို့ရမယ်ဆိုရင် ဖြေကြားပေးစေလိုပါတယ်။

နောက် နံပါတ်(၃)အချက်အနေနဲ့ ဖျာပုံမြို့နယ် သမဝါယမဦးစီးဌာနမှ သမဝါယမလယ် (၂၇၉၉)ဧကကို မြေငှားရမ်းခ တစ်ဧကကို(၁၀၀၀၀)ကျပ်နှုန်းနဲ့ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိကို (၅)နှစ်မြောက် ကောက်ခံရရှိငွေ မည်မျှရှိကြောင်းလည်း သိရှိလိုပါတယ်။ အဆိုပါမြေယာငှားရမ်းခကို ဝန်ကြီးဌာန ညွှန်ကြားလွှာအမိန့်နဲ့ ကောက်ခံတာ ဟုတ်/မဟုတ် (သို့မဟုတ်) မြို့နယ်သမဝါယမအသင်းရဲ့ စီမံချက်နဲ့ ကောက်ခံတာ ဟုတ်၊ မဟုတ်။ ဒါ အခု နိုင်ငံတော်အစိုးရအနေနဲ့လည်း တောင်သူလယ်သမားတွေ သက်သာချောင်ချိဖို့အတွက် ယခုအချိန်မှာ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နေတဲ့အချိန်မှာ ဒီလိုမြေငှားရမ်းခယူပြီးတော့ ဆောင်ရွက်နေတဲ့အတွက် ဒေသခံ လယ်သမားတွေအတွက်လည်း ဝန်ထုပ်ဝန်ပိုး တစ်ခုအနေနဲ့ ဖြစ်၊ မဖြစ်ဆိုတာကိုလည်း ဖြေကြားပေးစေလိုပါတယ်။

နံပါတ်(၄)အချက်အနေနဲ့ လယ်ယာသမဝါယမအသင်းဟာ လယ်သမားများကို ၎င်းမြေပေါ်မှာ တစ်ဦးကို (၁၀)ဧက ကနေ ဧက(၂၀)အထိ လုပ်ဆောင်စေတယ်လို့ ကျွန်တော်ကို ခုနက စာအမှတ် ၁/၁/၁၆(၃၄၇၀)သမဝ-၂၀၁၄ စက်တင်ဘာ(၃)ရက် ၂၀၁၄ ရက်စွဲနဲ့ ကျွန်တော်ကို ပြည်ထောင်စုဝန်ကြီး ကနေပြီးတော့ ပြန်ဖြေကြားထားတဲ့ အဖြေလေးတစ်ခုကို အပေါ်မှာ အခြေခံပြီးမေးချင်တာက ဒီ(၁၀)ဧကကနေပြီးတော့ ဧက(၂၀)အထိကို ပြန်ပြီးလုပ်ကိုင်စေတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ မြေပြင်ကို ကျွန်တော်ပြန်ပြီး ဆင်းတဲ့အခါမှာ မြေပြင်မှာရှိတဲ့ ဒီလယ်သမားတွေနဲ့ ဒေသခံတွေရဲ့ ပြောပြ ချက်အရ ကြက်ဖမွေးဖောင်း သမဝါယမမှာ ဦးသိန်းဒွေး သမဥက္ကဋ္ဌ ကနေပြီးတော့ (၂၉.၅)ဧက၊ ဦးကျော်သန်း အတွင်းရေးမှူးကနေ ဧက(၅၀)၊ ဦးစိုးနိုင် (၅၂)ဧက၊ ဦးဌေးအောင် (၂၈.၅)ဧက၊ ဦးသန်းလှိုင်(၂၂)ဧက စသည်ဖြင့် အဲဒီလိုမျိုး လုပ်ကိုင်ဆောင်ရွက်နေကြတာကို မြေပြင်မှာ တွေ့ရှိနေရတဲ့အတွက် သမဝါယမရဲ့ မူဝါဒအရ အသင်းသားတွေ ထပ်တိုးရင်လည်းတိုး မတိုးရင်လည်း ခုနက တစ်ဦးကို (၁၀)ဧက နှုန်းနဲ့ လုပ်ဆောင်နိုင်မှု ရှိ/မရှိ လေးကို မဲဆန္ဒရှင်ပြည်သူတွေကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမဝါယမဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးသန်းထွန်း (ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်းဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ကျွန်တော်ကတော့ သမဝါယမဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး

ဦးသန်းထွန်း ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ရဲ့ ဖျာပုံမြို့နယ် သမဝါယမအသင်းကြီးရဲ့ယခင်အစိုးရလက်ထက်က ဆောင်ရွက်လုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းများ၊ ဖျာပုံမြို့နယ်သမဝါယမပိုင်ငွေကြေးများ၊ အဆောက်အဦများ၊ အသင်းပိုင်ဆန်စက်၊ သင်္ဘောကြီးများ၊ လယ်ယာမြေများကို ယခုအစိုးရလက်ထက်မှာ မည်သို့မည်ပုံ စီမံခန့်ခွဲထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဖျာပုံမြို့နယ်သမဝါယမအသင်းနှင့် ရပ်ကွက်/ကျေးရွာအသင်းများအား ဖျက်သိမ်းလိုက်တဲ့ အတွက် ဖျာပုံ-ရန်ကုန်သွား နမ်းဆန်သင်္ဘောရောင်းချရငွေ၊ ဆန်စက်ရောင်းချရငွေ၊ အသင်းသားများပိုင် ငွေကြေး မည်မျှရှိသည်ကို သိရှိလိုပါကြောင်းနဲ့ အဆိုပါ အသင်းသားပိုင်ငွေကြေးများကို ဖျာပုံမြို့နယ် အတွင်းမှာရှိတဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးများပြန်လည်သုံးစွဲပေးရန် အစီအစဉ် ရှိမရှိ မေးခွန်းနဲ့ စပ်လျဉ်း၍ ဖျာပုံမြို့နယ်သမဝါယမအသင်းဟာ ၁၉၇၀ ခုနှစ် သမဝါယမအသင်းဥပဒေအရ ရပ်ကွက်/ကျေးရွာ သမဝါယမအသင်းပေါင်း(၇၇)သင်း၊ အစုထည့်ဝင်ငွေကျပ် (၁.၁၅)သိန်းဖြင့် ဖွဲ့စည်း ခဲ့ပြီး ၁၉၉၂ ခုနှစ် ဥပဒေ ပေါ်ပေါက်လာတဲ့အခါမှာ ၁၉၉၂ ခုနှစ် သမဝါယမအသင်းဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့ရာမှာ အသင်းဝင် အသင်း(၅၈)သင်း၊ အစုထည့်ဝင်ငွေ ကျပ်(၁၆.၆)သိန်းဖြင့် လုပ်ငန်း ဆောင်ရွက်နေတဲ့ သမဝါယမအသင်း တစ်သင်း ဖြစ်ပါတယ်။

ဖျာပုံမြို့နယ်သမဝါယမအသင်းစုမှ အသုံးပြုခွင့်ရ (ယခင် CRF ပိုင်) နမ်းဆန်နှစ်ထပ် ရေယာဉ်(၆၁၂၅)ဟာ ၁၉၇၆ ခုနှစ်မှစ၍ နှစ်ပေါင်း(၃၃)နှစ်တိုင် ဖျာပုံ-ရန်ကုန်ခရီးစဉ်ပြေးဆွဲခဲ့ရာမှာ ကားလမ်းများပေါ်ပေါက်လာပြီး ခရီးလမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာတဲ့အတွက်ကြောင့် ရေလမ်း အသုံးပြုမှု နည်းပါးလာ၍ ရေယာဉ်ဝင်ငွေမှ ရေယာဉ်လွှန်းတင်ပြင်ဆင်စရိတ် မကာမိခြင်း၊ နှစ်စဉ် ဆက်တိုက်အရှုံးများ ပေါ်ပေါက်နေတဲ့အတွက်ကြောင့် လွှန်းတင်စရိတ်ကို ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ ချေးငွေ ရယူဆောင်ရွက်ခဲ့ရာမှာ အသင်းစုချုပ်သို့ပေးရန် အကြွေးများ တင်ရှိနေခြင်းတို့ကြောင့် စီးပွားရေးတွက်ခြေမကိုက်တော့သဖြင့် ရေယာဉ်အား ထုခွဲရောင်းချခွင့်ပြုပါရန် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သမဝါယမဦးစီးဌာန အဆင့်ဆင့်မှတစ်ဆင့် တင်ပြခဲ့တဲ့ အခါမှာ သမဝါယမဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သတင်းစာတွင် ကြော်ငြာ၍ တင်ဒါစနစ်ဖြင့် ရောင်းချ ခဲ့ရာ ငွေကျပ်(၂၁၈)သိန်း ရရှိခဲ့ပါတယ်။ နမ်းဆန်ရေယာဉ်ဟာ အသင်းစုမှ အသုံးပြုခွင့်ရ (CRF) ပိုင် ဖြစ်သည့်အတွက် ရောင်းချငွေ(၂၁၈)သိန်းမှ အခွန်(၁၇၇၄၁၁၃)ကျပ်အား နုတ်ပယ်ပြီး ကျန်ရှိငွေ၏ (၅၀)ရာခိုင်နှုန်းအား သမဝါယမအသင်းများနှင့်ဆိုင်သော ပြန်လည်ဖွဲ့စည်းရေးရန်ပုံငွေ (CRF) ကြီးကြပ်ရေးအဖွဲ့သို့ ပေးသွင်းခဲ့ရပါတယ်။ အသင်းလက်ဝယ်ကျန်ရှိငွေ (၅၀)ရာခိုင်နှုန်းအနက်မှ အသင်းစုချုပ်သို့ ပေးဆပ်ရန် အကြွေး ကျပ်(၉၇)သိန်းအား ပေးဆပ်ခဲ့တဲ့အခါမှာ အသင်းစုလက်ဝယ်မှာ ငွေကျပ်(၃၁၂၉၄၃)ကျပ်သာ ကျန်ရှိခဲ့ပါတယ်။ သမဝါယမဝန်ကြီးဌာနမှ ထိန်းသိမ်းထားသည့် (CRF) ရန်ပုံငွေများကိုလည်း ဒီအစိုးရတက်ပြီးခါစ ၁၉-၆-၂၀၁၁ ရက်နေ့ ကြေးမုံသတင်းစာမှာ ကြော်ငြာပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိတဲ့ သမဝါယမအသင်းများရဲ့ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမ အသင်းစုချုပ်များသို့ ဗဟိုသမဝါယမအသင်းမှတစ်ဆင့် လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။

ဖျာပုံမြို့နယ် သမဝါယမအသင်းစုပိုင် ဆန်စက်အား အသင်းစု၏ အခွန်ကြွေးကျန်များ ပေးဆပ်ရန်နှင့် တိုင်းဒေသကြီးအတွင်းမှာရှိနေတဲ့ သမဝါယမအသင်းများရဲ့ မြန်မာ့စီးပွားရေးဘဏ် ချေးငွေများ ပေးဆပ်နိုင်ရေး ဆယ်မရန်အတွက် ဆန်စက်အား ငွေကျပ် (၄၀.၅)သိန်းဖြင့် ရောင်းချခဲ့ပြီး ရောင်းချရငွေများမှ ရောင်းချခွန် (၀.၉၈၈)သိန်းနှင့် အသင်းစုရဲ့ အခွန်ကြွေးကျန် (၂၉.၀၆၄)သိန်းတို့ကို နုတ်ပယ်ပြီး ကျန်ငွေကျပ်(၁၀)သိန်းအား တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ သမဝါယမအသင်းများအတွက် ဆယ်မငွေများကို ပေးဆပ်ခဲ့ရပါတယ်။ မြို့နယ်သမဝါယမအသင်းစု၏ ဆန်စက်ရောင်းချရငွေများမှ ပိုလျှံငွေမရှိဘဲ နမ်းဆန်ရေယာဉ် ရောင်းချရငွေမှ(၃)သိန်းကျော်သာ ကျန်ရှိတဲ့အတွက် ၎င်းငွေ(၃)သိန်းနှင့် အသင်းပိုင်ငွေများအား ပေါင်းစပ်ပြီး အသင်းစုရဲ့ အသင်းဝင် အသင်းများသို့ ချေးငွေထုတ်ပေးခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မြို့နယ်သမဝါယမအသင်းစုအနေဖြင့် ယခုလက်ရှိ ဘဏ္ဍာရေးအခြေအနေအရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးသုံးစွဲနိုင်မည့် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဖျာပုံမြို့နယ်အသင်းပိုင် ဖျာပုံမြို့ပထမလမ်း(၆)ရပ်ကွက်၊ အမှတ်(၁၆)ရှိ တိုက်နှင့် ဒေသစိတ်(၄)ရပ်ကွက်၊ ပထမလမ်း၊ တိုက်အမှတ်(၅၅)တို့အား မွေး/ရေဘဏ်တွင် သိန်း(၂၀၀၀)နှင့် ပေါင်နှံထား ခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖျာပုံမြို့နယ်သမဝါယမအသင်းစုပိုင် ဖျာပုံမြို့ ပထမလမ်း(၆)ရပ်ကွက်၊ အမှတ်(၁၆)ရှိ တိုက်နှင့် ဒေသစိတ်(၄)ရပ်ကွက်၊ ပထမလမ်း၊ တိုက်အမှတ် (၅၅)တို့အား မွေး/ရေဘဏ် တွင် ကျပ်သိန်း(၂၀၀၀)ဖြင့် ပေါင်နှံထားခြင်းမရှိပါ။ တိုင်းဒေသကြီး အစီအစဉ်ဖြင့် တိုင်းအတွင်းမှာရှိတဲ့ ရင်းနှီးပစ္စည်းများကို စုစည်း၍ (CB Bank) မှာ အပေါင်ထားပြီး ချေးငွေများချေးယူခဲ့ရာမှာ ဖျာပုံ မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ အတွက် ငွေကျပ်(၃၆၀.၁၅)သိန်း ရရှိခဲ့ပြီး ယင်းငွေများဖြင့် အသင်းသားများ၏ အစုထည့်ဝင်ငွေ၊ စုဆောင်းငွေများပေါင်းစပ်၍ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော သမဝါယမအသင်း(၉)သင်း၊ အသင်းသား(၈၃၉)ဦးကို တစ်ဦးလျှင် ငွေကျပ်(၅)သောင်းနှုန်း၊ ငွေ(၁၀၀) ကျပ်ကို တစ်လအတိုး(၁.၅)နှုန်းဖြင့် ငွေထုတ်ချေးပေးသည့်လုပ်ငန်းအား ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဖျာပုံမြို့နယ်သမဝါယမဦးစီးဌာနမှ သမဝါယမ လယ်(၂၇၉၉)ဧကအား မြေငှားရမ်းခ တစ်ဧကလျှင် (၁၀၀၀၀)ကျပ်နှုန်းဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ (၅)နှစ်မြောက် ကောက်ခံရရှိငွေ မည်မျှရှိကြောင်း သိလိုပါသည်။ အဆိုပါ မြေငှားရမ်းခကို ဝန်ကြီးဌာန ညွှန်ကြားလွှာအမိန့်ဖြင့် ကောက်ခံခြင်း ဟုတ်/မဟုတ် သို့မဟုတ် မြို့နယ်သမဝါယမအသင်း၏ စီမံချက်တို့ဖြင့် ကောက်ခံခြင်း ဟုတ်/မဟုတ်။ နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ သက်သာချောင်ချိရေးအတွက် မဟုတ်ဘဲ ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် သက်ရောက်မှု ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖျာပုံမြို့နယ်မှာရှိတဲ့ လယ်ယာသမဝါယမအသင်း(၁၃)သင်း၊ လယ်ဧက(၂၇၉၉)ဧက ရှိတဲ့အနက် ဧရာ့အားမာန်အသင်းဟာ အသင်းပိုင်ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် မြေငှားရမ်းခ ပေးဆောင်ရန် မလိုအပ်ဘဲ ကျန်လယ်ယာ သမဝါယမအသင်း (၁၂)သင်းပိုင် လယ်ဧက(၂၃၈၉)ဧကအား အသင်းသားများမှ ခွဲဝေလုပ်ကိုင်လျက် ရှိတဲ့အတွက် အသင်းမြေအသုံးပြုခ (ငှားရမ်းခ) တစ်နှစ်လျှင် တစ်ဧက (၁၀၀၀၀)ကျပ်နှုန်းဖြင့် အသင်းမှ ကောက်ခံပါတယ်။

၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ မြေအသုံးပြုခအဖြစ် ကျပ်(၉၅၁.၆) သိန်းကောက်ခံရရှိခဲ့ပြီး ဂုဏ်ငွေများနှင့်အတူ အသင်းပိုင်ငွေများအား ပေါင်း၍ အသင်းသားများသို့ စိုက်ပျိုးစရိတ်ချေးငွေ ကျပ်(၁၃၀၇.၇၈)သိန်းကို ငွေ(၁၀၀)ကျပ်လျှင် တစ်လအတိုးနှုန်း (၁.၅)ကျပ်နှုန်းဖြင့် ထုတ်ချေးပေးနိုင်တဲ့အပြင် ပညာရေးထောက်ပံ့ငွေကျပ်(၁၄.၀၆၁)သိန်း၊ ကျန်းမာရေး ထောက်ပံ့ငွေကျပ် (၂၁၅.၈၄၈)သိန်းနှင့် အခြားပံ့ပိုးငွေ (၁၉၈.၇၂၆)သိန်း၊ စုစုပေါင်းငွေကျပ် (၄၂၈.၆၃၅)သိန်းအား (၅)နှစ်တာကာလအတွင်း အသင်းသားများသို့ ပံ့ပိုးပေးနိုင်ခဲ့ကြောင်းကို အသင်းများရဲ့နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများအရ တွေ့ရှိရပါတယ်။ သမဝါယမအသင်း နည်းဥပဒေ အပိုဒ်(၇၀)၊ အပိုဒ်ခွဲ(က) တွင် အရပ်ရပ်ဆိုင်ရာအစည်းအဝေးသည် သမဝါယမအသင်း၏ အမြင့်ဆုံး အာဏာပိုင် အဖွဲ့အစည်းဖြစ်ပြီး သမဝါယမအသင်း၏ ကိစ္စအဝဝကို အပြီးသတ်ဆုံးဖြတ်နိုင်ခွင့်ရှိသည် ဟု ပြဋ္ဌာန်းထားရှိပါတယ်။ သို့ဖြစ်ပါ၍ မြေငှားရမ်းခကို သမဝါယမဦးစီးဌာနအဆင့်ဆင့်၏ ထိန်းကျောင်းတည့်မတ်မှု၊ အမှုဆောင် အဖွဲ့၏ ဦးဆောင်မှုတို့ဖြင့် သမဝါယမအသင်းသား စုံညီပါဝင်သော အသင်းအရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် အသင်းသား လယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လယ်ယာသမဝါယမအသင်းဟာ လယ်သမားများကိုပေါင်း၍တစ်ဦးလျှင် (၁၀)ဧက၊ (၂၀)ဧက ဖြင့် လုပ်ဆောင်သည်ဟု သိရှိရပါသော်လည်း ကြက်ဖမွေးဇောင်းသမဝါယမမှာ ဦးသိန်းဌေး၊ သမဝါယမဥက္ကဋ္ဌမှ (၂၉.၅)ဧက၊ ဦးကျော်သန်း၊ အတွင်းရေးမှူးမှ ဧက(၅၀)၊ ဦးစိုးနိုင် (၅၂)ဧက၊ ကိုဌေးအောင် (၂၈.၅)ဧက၊ ဦးသန်းလှိုင် (၂၂)ဧက၊ ဦးသန်းဌေး (၈)ဧက၊ ဦးမျိုးမင်းနိုင် (၁၀)ဧက၊ ကိုအောင်မျိုးဇော် (၉.၅)ဧက လုပ်ဆောင်နေပါသဖြင့် သမဝါယမမူဝါဒအရ အသင်းသားများ ထပ်တိုးပြီး တစ်ဦးလျှင် (၁၀)ဧကနှုန်းဖြင့် လုပ်ဆောင်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အသင်းသားအဖြစ် ဝင်ရောက်လိုသူများမှ သက်ဆိုင်ရာသမဝါယမအသင်းအမှုဆောင်အဖွဲ့သို့ လိပ်မူ၍ အသင်းသားအဖြစ် ပါဝင်ခွင့်ကို လျှောက်ထားရမည်ဖြစ်ပြီး သက်ဆိုင်ရာသမဝါယမအသင်းမှ အသင်းစည်းကမ်းပါအတိုင်း အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်၊ အသင်းသားများစုံညီပါဝင်သော အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အသင်းသားအများစု သဘောတူလက်ခံပါက အသင်းဝင်ခွင့် ရရှိမှာ ဖြစ်ပါတယ်။ လယ်မြေဧကများ ခွဲဝေလုပ်ကိုင်ခွင့်ကိုလည်း အသင်းသားများ၏ စုံညီပါဝင်သော အသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကသာ၊ အဲဒီအစည်းအဝေးရဲ့ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခုနက ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်ပြီးတော့ ဖြေရှင်းသွားတဲ့အပေါ်မှာ ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော်တို့ တချို့ ပြည်သူလူထု မသိသေးတဲ့ကိစ္စတွေ တော်တော်များများ ကျွန်တော်တို့ သိခွင့်ရတဲ့အတွက်လည်း ဖြေကြားသွားတဲ့ ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ နောက်တစ်ခုက ဖြေကြားသွားတဲ့ အထဲထဲမှာ ကျွန်တော်တို့ ဒီလယ်ယာမြေ (၁၃)သိန်းရှိတယ်။ (၂၇၉၉)ဧက ရှိတယ်။ အဲဒီမှာ လယ်ယာမြေတစ်သင်းကတော့ ကျွန်တော်တို့ တစ်ဧကကို တစ်သောင်းနှုန်းနဲ့ ကောက်ခံမှုမရှိဘူးဆိုတဲ့အတွက် အဲဒီမှာ ကျွန်တော် ပြန်ပြီးတော့ အခုနက ဒီ(၁၃)သင်းထဲမှာ (၁၂)သင်းလုပ်တဲ့ (၂၃၈၉)ဧကကို ပြန်နုတ်လိုက်တဲ့အခါမှာ ကျွန်တော်တို့ အခွန် မဆောင်ရတဲ့ တစ်ဧကကို တစ်သောင်းနှုန်း မဆောင်ရတာ (၄၁၀)ဧက ရှိပါတယ်။ (၄၁၀)ဧက

က ကျွန်တော်တို့ တစ်နှစ်ကို တစ်သောင်းနှုန်းနဲ့ဆိုလျှင် ငွေပေါင်း ကျွန်တော်တို့ (၄၁)သိန်း ရပါမယ်။ (၄၁)သိန်းကို (၅)နှစ်နဲ့မြှောက်လိုက်တဲ့အခါမှာ (၂၀၅)သိန်းရပါမယ်။

အဲဒီတော့ အခုနက ကျွန်တော်တို့ ဒီမှာတွက်ချက်ထားတဲ့အရက ကျွန်တော့်ရဲ့ အခု ဒီရှင်းပြသွားတဲ့အပေါ်မှာပဲ ပြန်ပြီးတွက်ချက်တဲ့အပေါ်မှာ တစ်ဧကကို တစ်သောင်းနှုန်းနဲ့ဆိုလျှင် အခုနက ပြောတဲ့ (၂၇၉၉)ဧက ဆိုရင်တစ်နှစ်ကို (၂၇၉)သိန်းနဲ့ (၉)သောင်းရပါမယ်။ (၅)နှစ်ဆိုလျှင် (၁၃၉၉)သိန်း (၅)သောင်း ရပါမယ်။ အဲဒီမှာ ကျွန်တော်တို့ အခုနကပြောတဲ့ လယ်ယာမြေကို အသုံးပြုခွင့်ရတယ်ဆိုပြီးတော့ ဒီဘဏ္ဍာရေးနှစ်မှာ ၂၀၀၉-၂၀၁၀ ကနေ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ မြေအသုံးပြုခအဖြစ်ရငွေပေါင်းဆိုပြီးတော့ ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ ပြန်ဖြေထားတဲ့ ကျွန်တော့်ကိုဖြေထားတဲ့ ဖြေကြားချက်မှာ (၉၅၁)သိန်းနဲ့(၆)သောင်း ရှိပါတယ်။ အဲဒီတော့ ငွေကွာဟမှုဟာ (၄၄၇)သိန်းနှင့် (၉)သောင်း ရှိနေပါတယ်။ အခုနကကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးထပ်မံပြီး ဖြေကြားတဲ့အပေါ်မှာ ဒီအသင်းတစ်သင်းဟာ လယ်ယာမြေသမအသင်းတစ်သင်းဟာ (၄၁၀)ဧက လုပ်နေတယ်ဆိုတဲ့အတွက် (၄၁၀)ဧကသည် တစ်သောင်းကိုမဆောင်ရဘူးလို့ပြောပါတယ်။ ဒီတစ်သောင်း မဆောင်ရဘူးလို့ ဆိုတဲ့အတွက် ပြန်နုတ်လိုက်တဲ့အခါမှာ (၄၁၀)ဧကအတွက် (၅)နှစ်တာသည် (၅)နှစ်တာရမယ့် အခွန်သည် (၂၀၅)သိန်း ဖြစ်ပါတယ်။ မြေယာငှားရမ်းခဟာ (၂၀၅)သိန်းပါ။ အဲဒီ(၂၀၅)သိန်းကို ပြန်နုတ်လိုက်တဲ့အခါမှာ ဒီမြေယာငှားရမ်းခမပေးရတဲ့အတွက် ပြန်နုတ်လိုက်တဲ့အခါမှာ (၂၄၂)သိန်းနဲ့ (၉)သောင်း ကျန်နေပါသေးတယ်။ ကွာဟနေပါသေးတယ်။ အဲဒီ ငွေကြေးကွာဟမှုကို ဘယ်လိုများသုံးစွဲထားတယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့ ရှင်းပြလို့ရလျှင် ရှင်းပြပေးစေချင်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဦးသန်းထွန်း (ဒုတိယဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ ရှင်းလင်းထားတဲ့ ဇယားလေးနဲ့ ပတ်သက်ပြီး အကျဉ်းရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ ကျွန်တော်တို့ ကောက်ခံရရှိငွေပေါင်းဟာ (၁၉၆)သိန်းနဲ့ (၂)သောင်း ကျွန်တော်တို့ ရရှိပါတယ်။ နောက် ကျွန်တော်တို့ အဲဒီမှာ ပညာရေးထောက်ပံ့ငွေ (၁.၅၇၀) သိန်း၊ ကျန်းမာရေးထောက်ပံ့ငွေ (၅)သိန်း၊ အခြားပံ့ပိုးငွေ (၂၄)သိန်း စုစုပေါင်းကျန်ငွေဟာ (၁၆၅)သိန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စိုက်ပျိုးစရိတ်ချေးငွေပေါင်း (၁၈၈)သိန်းနဲ့ (၇)သောင်း ကျွန်တော်တို့ အဲဒီနှစ်မှာ ထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ အားလုံးငွေပေါင်းဟာ (၂၁၉.၂၇၀) သိန်း ကျွန်တော်တို့ ရရှိပါတယ်။

ထိုနည်းတူစွာပဲ ၂၀၁၀-၂၀၁၁ ခုနှစ်မှာလည်း ထိုနည်းတူစွာ ကျွန်တော်တို့ ပထမနှစ်မှာ (၂၂၀.၂၀၀)သိန်း ရရှိပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ကျန်းမာရေးထောက်ပံ့ငွေ အဲဒီနှစ်မှာ (၁၄၈)သိန်း ကျွန်တော်တို့ ထောက်ပံ့ပါတယ်။ အခြားပံ့ပိုးငွေ (၂၅)သိန်း ထောက်ပံ့ပါတယ်။ ကျန်ငွေ (၄၇.၂၀)သိန်း ရှိပါတယ်။ ဒါကြောင့်မို့ စိုက်ပျိုးစရိတ်ချေးငွေကို ၂၀၁၀-၂၀၁၁ ခုနှစ်မှာ (၂၂၅.၇)သိန်း ကျွန်တော်တို့ ထောက်ပံ့ပေး နိုင်ခဲ့ပါတယ်။ အဲဒီနှစ်အတွင်းမှာဆိုရင် စုစုပေါင်းငွေဟာ (၃၉၈.၇)သိန်း ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ မှာလည်း အလားတူဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေဟာ ကျွန်တော်တို့ (၂၄၂)သိန်းနဲ့ (၇)သောင်းပေးနိုင်ပါတယ်။ အားလုံး စုစုပေါင်းငွေ (၃၀၂.၁၇၀)သိန်း ဖြစ်ပါတယ်။

၂၀၁၂-၂၀၁၃ မှာလည်း အလားတူပဲ ကျွန်တော်တို့ (၂၉၉.၇)သိန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ စုစုပေါင်းစိုက်ပျိုးစရိတ် ချေးငွေ (၃၆၄)သိန်း ပေးနိုင်ပါတယ်။ ကျွန်တော် အချိန်ကို လေးစားသော အားဖြင့် ကျွန်တော် အကျဉ်းချုပ် ရှင်းလင်းတင်ပြနေခြင်း ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ မှာ (၁၇၂)သိန်းနဲ့ (၇)သောင်း ရရှိပါတယ်။ ကျွန်တော်တို့ ပညာရေး ထောက်ပံ့ငွေ (၆.၄၇၁)သိန်း ရှိပါတယ်။ ကျန်းမာရေးထောက်ပံ့ငွေဟာ (၁၁.၀၈၈)သိန်း ဖြစ်ပါတယ်။ အဲဒီတော့ အခြားပံ့ပိုးငွေ (၈၃.၀၇၆)သိန်း ဖြစ်ပါတယ်။ ကျန်ငွေ (၇၂.၀၆၅) ဖြစ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေ အားလုံး (၃၅၀.၉၈)သိန်းဖြစ်ပါတယ်။ စုစုပေါင်း ကျွန်တော်တို့ ချေးငွေပေါင်းဟာ (၄၅၁.၆၁၅) သိန်း ဖြစ်ပါတယ်။ အားလုံးကို ကျွန်တော်တို့ စုစုပေါင်း ပေါင်းကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ တကယ် ကောက်ခံရရှိငွေဟာ (၉၅၁.၆)သိန်း၊ နောက်တစ်ခါ ကျွန်တော်တို့ရဲ့ ပညာရေး ထောက်ပံ့ငွေ (၁၄.၀၆၁) သိန်း၊ ကျန်းမာရေးအတွက် (၂၁၅.၈၄၈)သိန်း၊ အခြားပံ့ပိုးငွေ (၁၉၈.၇၂၆) သိန်း၊ ကျန်ငွေဟာ (၅၂၂.၉၆၅)သိန်း၊ စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေပေးတာ (၁၃၀၇.၇၈)သိန်း၊ စုစုပေါင်းရတဲ့ငွေ အားလုံးဟာ ကျွန်တော်တို့ (၁၇၃၆.၄၁၅)သိန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရှင်းပြခဲ့တဲ့ ကျန်တဲ့(၄၁၀)ဟာ ကျွန်တော်တို့ သမဝါယမအသင်းက ဦးဆောင်ပြီးတော့ ဆောင်ရွက်တာ ဖြစ်တဲ့ အတွက်ကြောင့် ဒီအသင်းက ရရှိတဲ့ အမြတ်ငွေကိုလည်း ဒီအထဲကိုထည့်တာဖြစ်ပါတယ်။ ဒီအသင်းက ရှုံးရင်လည်း ဒီအသင်းထဲက ကျခံရ တာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ တစ်ဧကကို တစ်သောင်းနှုန်း ထည့်ဝင်ခြင်းမရှိပါကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။

**ဦးသိမ်းဆွေ၊ ဇရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အတိုလေးပါခင်ဗျာ။ မေးပါရစေ ခင်ဗျား။ ဒီ အခုလိုမျိုး ပြည့်ပြည့်စုံစုံလေး ရှင်းပြပေးတာကိုလည်း နယ်မြေခံပြည်သူများရဲ့ ကိုယ်စား၊ မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။ ကျွန်တော့်ကို အခုနက ပြည်ထောင်စု ဒုတိယဝန်ကြီး ရှင်းပြတာနဲ့ ပြည်ထောင်စုဝန်ကြီးက ကျွန်တော့်ကို ဆက်စပ် မေးခွန်း သမအသင်းနှင့် ပတ်သက်ပြီး မေးခွန်းတစ်ခု မေးတဲ့အခါမှာ ပြန်ဖြေခဲ့တာလေးက ငွေကြေး နည်းနည်းလေး လွဲနေတယ်လို့ ဒါလေးကို နည်းနည်းပြန်တင်ပြချင်တာပါ။ သမဝါယမ(၁၃)သင်း ရှိပါတယ်။ လယ်မြေ ဧကပေါင်း(၂၇၉၉)ဧက ရှိပါတယ်။ အသင်းသားပေါင်းက (၁၃၅)ဦး ရှိပါတယ်။ ၂၀၀၉-၂၀၁၀ မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိကို မြေအသုံးပြုခအဖြစ်က ကျပ်(၉၅၁.၆)သိန်း ကောက်ခံရရှိတယ်လို့ ပြောပါတယ်။ အသင်းပိုင်ငွေတွေနဲ့ပေါင်းပြီး စိုက်ပျိုးစရိတ်ချေးငွေ (၅)နှစ်တာ အတွက် (၆၄၁.၇၇၅)သိန်း၊ ပညာရေးထောက်ပံ့ငွေ (၁၄.၀၆၀)သိန်း၊ ကျန်းမာရေးထောက်ပံ့ငွေ (၂၁၅.၈၄၇) သိန်း၊ အခြားပံ့ပိုးငွေ (၁၉၈.၈၅၆)သိန်း ဆိုပြီးတော့ အားလုံးပေါင်း စုစုပေါင်း (၁၀၇၀.၅၃၈) သိန်းဆိုပြီးတော့ ဒီ(၅)နှစ်တာအတွင်းမှာ အသင်းသားတွေကို ပံ့ပိုးနိုင်ခဲ့တယ်ဆိုပြီးတော့ ဖြေထား ပါတယ်။

အခုနကတော့ ပြည်ထောင်စုဒုတိယဝန်ကြီးကတော့ အားလုံး(၅)နှစ်တာအတွက်ပေါင်းလိုက် တဲ့အခါမှာ (၁၀၀၉.၈၇)နဲ့ တူတယ်၊ အဲဒီလိုလေး ဒါကတော့ သိပ်အများကြီးမဟုတ်ပါဘူး။ ဒါပေမဲ့ ဒီမှာ ကျွန်တော်တစ်ခုပြောချင်တာက နယ်မြေခံ၊ ဒေသခံပြည်သူတွေကို ဒီမေးခွန်းရဲ့အဖြေ ဆက်စပ်မေးခွန်း အဖြေကို ရတဲ့အခါမှာ ဒေသခံပြည်သူတွေကို ပြန်ရှင်းပြပါတယ်။ ဒီလိုမျိုး ဖြေရှင်းထားတယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ ကျေနပ်အောင်လို့ ပြည်ထောင်စုဝန်ကြီးက ဒီလိုမျိုးပြန်ဖြေထား

ပါတယ် ဆိုပြီးတော့ ဒေသခံပြည်သူတွေကို ပြန်ပြောပြတဲ့အခါမှာ ဒေသခံအသင်းသား ပြည်သူတွေကလည်း ပြန်ပြောတာက ဒါကိုလည်း ကျွန်တော်တို့ သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပြည်ထောင်စုဝန်ကြီး အနေနဲ့ အောက်ခြေကို နည်းနည်းပြန်ပြီးတော့ စုံစမ်းမေးမြန်းစေလိုတဲ့အတွက် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပညာရေးထောက်ပံ့ငွေ၊ ကျန်းမာရေး ထောက်ပံ့ငွေတွေ သူတို့ မရဘူးလို့ အဲဒီလို ပြောကြပါတယ်။ ဖြေကြားချက်မှာ ဒါကြောင့် ဒါလေးကို ပြန်ပြီးတော့ နည်းနည်း ကြပ်မတ်ကွပ်ကဲပေးပါလို့ ကျွန်တော့် အနေနဲ့ ကြုံတုန်းလေးမှာ မေတ္တာရပ်ခံချင်တာပါ။ ကျေးဇူးတင်ပါတယ်။ ဒီလောက်ပါပဲ ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ စာရင်းစစ်ဝင်ဖို့ လိုတာပေါ့။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်စပ်တည်း မေးမြန်းပြီးမှ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များက သိမ်းဆည်းထားသော လယ်မြေနှင့်ကိုင်းမြေ (၄၅၀)ဧကကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှဦးသော်ဇင်ဦး က အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ် လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များက သိမ်းဆည်းထားသော လယ်မြေနှင့်ကိုင်းမြေ(၄၅၀)ဧကကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာ ကတော့ ပခုက္ကူမြို့ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်နှင့် လက်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များက သိမ်းဆည်းထားသော လယ်ယာမြေနှင့် ကိုင်းမြေ ဧက(၄၅၀) အပါအဝင် အခြား သိမ်းဆည်းထားသော မြေများအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ အား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၁၉၉၀-၉၁ ခုနှစ်က ပခုက္ကူမြို့နယ်တွင် တပ်မ(၁၀၁)နှင့် လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များမှ စတင်ဖွဲ့စည်းခဲ့စဉ်က ပခုက္ကူမြို့နယ် လယ်ရွာကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာအုပ်စု၊ ကုက္ကိုလှ ကျေးရွာအုပ်စု၊ အရှေ့ချောက်ကန်၊ အနောက်ချောက်ကန် ကျေးရွာအုပ်စုများမှ တောင်သူများ လုပ်ကိုင်

ပိုင်ဆိုင်သည့် ကုက္ကိုလှကွင်း၊ ရွာသစ်ကုန်းကွင်း၊ မကျည်းသများကွင်း၊ လယ်ယာတောင်ကွင်း၊ ချောက်ကန်တောင်ကွင်းမှ လယ်မြေဧက (၈၀၀)ခန့်ကို သိမ်းဆည်းခဲ့ပါတယ်။

၁၉၉၃-၉၄ ခုနှစ်မှာလည်း ကုက္ကိုလှကျေးရွာနေ တောင်သူများလုပ်ကိုင်စားသောက်နေတဲ့ မြေဧက(၂၀၀)ကိုလည်း တပ်မ(၁၀၁) နှင့် တပ်ရင်းတပ်ဖွဲ့များ၏ အဆောက်အဦများ၊ လုံခြုံရေးနှင့် လေ့ကျင့်ရေးတို့အတွက် ထပ်မံသိမ်းဆည်းခဲ့ပါတယ်။ ၎င်းအပြင် တပ်ဧရိယာနှင့် ဆက်စပ်မှုမရှိသော ပေါက်အင်းမြေ အပါအဝင်ဖြစ်သည့် (၃၄၇) ကုက္ကိုလှကွင်း၊ ကွင်းအမှတ်(၃၄၈) ရွာသစ်ကုန်းကွင်း အတွင်းပါရှိသော လယ်မြေနှင့် ပဲမျိုးစုံစိုက်ပျိုးသော ကိုင်းမြေဧက(၄၅၀)ကိုလည်း သိမ်းဆည်းခဲ့ပါတယ်။ ၎င်းမြေများ သိမ်းဆည်းခဲ့သည့်အတွက် မြေလျော်ကြေး၊ နစ်နာကြေးများ ပေးခဲ့ခြင်းမရှိခဲ့ပါဘူး။ ၎င်း သိမ်းဆည်းမြေ ဧက(၄၅၀)မှ ဧက(၇၀)ခန့်ကိုသာ စိုက်ပျိုးရေးအတွက် လုပ်ကိုင်ပြီး ကျန်မြေဧက (၈၀)ခန့် အား ကျေးရွာနေပြည်သူများအား သီးစားအငှားချထားပြီး ကျန်မြေဧက (၃၀၀)ခန့်မှာ စိုက်ပျိုး လုပ်ကိုင်မယ့်သူမရှိဘဲ ပလပ်မြေများ ဖြစ်နေခဲ့ရပါတယ်။

မကျည်းသများကွင်းမှမြေများကိုလည်း အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ အနောက်ချောက်ကန်၊ အရှေ့ချောက်ကန်ကျေးရွာနေ တောင်သူများအား အငှားသီးစားချထားလုပ်ကိုင် ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးနှင့် ဒုတိယသမ္မတကြီးနှင့် တွဲဘက်စစ်ထောက်ချုပ်တို့ လာရောက်ခဲ့သည့် ခရီးစဥ်များတွင် သိမ်းဆည်းမြေများထဲမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် သိမ်းဆည်းထားခဲ့သော မြေများအား ပြန်လည်စွန့်လွှတ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည့်အတွက် ဒေသခံ တောင်သူများမှလည်း ဝမ်းသာကျေးဇူးတင်လျက် ရှိပါတယ်။ သိမ်းဆည်းခံမြေများနှင့် ပတ်သက်ပြီး အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြခဲ့သော်လည်း တပ်မ(၁၀၁) လက်အောက်ခံ ခလရ(၂၅၂) မှ မြေဧက (၂၄၂)ဧကသာ စွန့်လွှတ်ခဲ့ပြီး နောက်ထပ် စွန့်လွှတ်ပေးခဲ့ခြင်း မရှိခဲ့ပါဘူး။ စွန့်လွှတ်ပေးခဲ့ခြင်း မရှိသည့် အပြင် နစ်နာကြေးများကိုလည်း ပေးအပ်ခြင်းမရှိခဲ့ပါဘူး။ ကျေးလက်နေတောင်သူများ အနေနဲ့ ယာမြေများသာမက လယ်မြေနှင့်ကိုင်းမြေများပါ သိမ်းဆည်း ခံခဲ့ကြရသဖြင့် အချို့တောင်သူများမှာ မြေမဲ့ယာမဲ့များဘဝသို့ ရောက်ရှိသွားကြရပြီး ကြုံရာကျပန်း လုပ်ကိုင်စားသောက်ပြီးတော့ ဘဝကို ပင်ပန်းစွာဖြင့် ရုန်းကန်နေကြရပါတယ်။ တောင်သူများ၊ ကျေးရွာနေပြည်သူများအနေဖြင့်လည်း မြေယာများ ထပ်မံစွန့်လွှတ်ပြီး မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်မည်ကို မျှော်လင့်ကြီးစွာဖြင့် စောင့်ဆိုင်းနေကြရပါတယ်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ် တပ်မ(၁၀၁)နှင့် လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များမှ သိမ်းဆည်းထားသော မြေယာများမှ တပ်ဧရိယာနှင့် ဆက်စပ်မှုမရှိသော အမှတ်(၃၄၇) ကုက္ကိုလှကွင်း၊ အမှတ်(၃၄၈) ရွာသစ်ကုန်းကွင်းအတွင်းရှိ လယ်မြေနှင့် ကိုင်းမြေ (၄၅၀)ဧကနှင့် အရှေ့ချောက်ကန်၊ အနောက်ချောက်ကန်ကျေးရွာနေ တောင်သူများပိုင်ဆိုင်သည့် မကျည်းသများကွင်းများမှ ယာမြေများအား မူလတောင်သူများ အား ပြန်လည်စွန့်လွှတ်ရန် နှင့် သိမ်းယူထားသော မြေယာများအတွက် နစ်နာကြေး ပေးလျော်ရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် စွန့်လွှတ်ပေးမည် သို့မဟုတ် မည်သည့်အချိန်တွင် ပေးလျော်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။

**ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်နေရသောနိုင်ငံ့ဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်များ ခွင့်ပြုထားသော်လည်း ထိုဒေသများတွင် အခြေစိုက် ဖွင့်လှစ်ထားသည့် တပ်မတော် တပ်ဖွဲ့ဝင် စစ်သည်များကို ခံစားခွင့်မပြုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့် က ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်နေရသော နိုင်ငံ့ဝန်ထမ်းများကို ဒေသစရိတ် ခံစားခွင့်များ ခွင့်ပြုထားသော်လည်း ထိုဒေသများတွင် အခြေစိုက် ဖွင့်လှစ်ထားသည့် တပ်မတော် တပ်ဖွဲ့ဝင် စစ်သည်များကို ခံစားခွင့်မပြုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းကံညွန့် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းမယ့် မေးခွန်း ကတော့ တပ်မတော်သားများနဲ့ပတ်သက်တဲ့ ဒေသစရိတ်ခံစားခွင့်မရတဲ့ကိစ္စ ဖြစ်ပါတယ်။ Power Point နှင့် ပူးတွဲတင်ပြခွင့်ပြုပါခင်ဗျာ။ နိုင်ငံတော်အစိုးရ ဘဏ္ဍာအခွန်ဝန်ကြီးဌာနသည် ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၂) ဖြင့် ဒေသ(၈၇)ခုကို ဝေးလံခေါင်သီပြီး လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော၊ လူမှုရေး ခက်ခဲသောဒေသများအဖြစ် သတ်မှတ်၍ လက်ရှိ လစာအပြင် ယင်းနှင့်ညီမျှသော ငွေကို စရိတ်အဖြစ် ထပ်မံခံစားခွင့်ပြုခဲ့ပါသည်။

သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များက ထပ်မံတင်ပြသည့်အတွက် ဒေသ(၂၂)ခု ထပ်တိုး၍ ဒေသပေါင်း (၁၀၉)ခု ကို ၁၅-၂-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၁၃) ဖြင့် ဒေသစရိတ် ထပ်မံခွင့်ပြုခဲ့ပါသည်။ ထပ်မံ၍ ၁၅-၈-၂၀၁၃ ရက်စွဲပါ အမိန့် (၁၄၁၃/၂၀၁၃) ဖြင့် ဘူးသီးတောင်မြို့နယ်ကို ထပ်မံတိုးမြှင့်ခွင့်ပြုသည့်အတွက် ဒေသပေါင်း(၁၁၀)ကို ဒေသစရိတ် ခံစား ခွင့်ပြုခဲ့ပါသည်။ ထိုသို့ဒေသစရိတ် ခံစားခွင့်ပြု၍ ရရှိခဲ့သော ဝန်ထမ်းအားလုံးဝမ်းသာပီတိ ဖြစ်ကြ ပါတယ်။ အစိုးရကို ကျေးဇူးတင်ကြပါတယ်။ ကျွန်တော်တို့ Slide ၄ မှာ တင်ပြထားတဲ့အတိုင်း နိုင်ငံတော် အစိုးရအနေနဲ့ ဒေသစရိတ်စဉ်းစားတဲ့အခါမှာ ကျွန်တော်တို့ အပိုဒ်(ခ)၊ အပိုဒ်(၃)မှာ ကြည့်မယ်ဆိုရင် ဝန်ထမ်းမိသားစုသည် မူလရာထူးတစ်ရပ်ဖြစ်သည့် ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ၌ ဆက်လျက် နေထိုင်လျက် ရှိနေတယ်ဆိုလျှင်ကို အဲဒီဒေသကနေ တခြားဒေသကို ယာယီပြောင်းရွှေ့ တာဝန် ထမ်းဆောင်လျှင်တောင်မှ ဒီဒေသစရိတ်ကို ဆက်လက်ခံစားခွင့်ပြုထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒေသစရိတ်ကို ထိုဒေသမှာတာဝန်ထမ်းဆောင်နေပြီး ခံစားခွင့်ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ဝန်ထမ်း များလည်း ရရှိခဲ့ပါတယ်။ ခံစားခွင့်မရတာကတော့ တပ်မတော်သားများပဲ ဖြစ်ပါတယ်။ ဘာကြောင့် မရလည်း ဆိုတာ ကျွန်တော်စဉ်းစားလို့မရပါဘူး။

အထက်ပါ အမိန့်များ၌ တပ်မတော်သားနိုင်ငံ့ဝန်ထမ်းများ မပါလို့လည်း ကျွန်တော် မတွေ့ ရှိရပါဘူး။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄၊ နိုင်ငံ့ဝန်ထမ်းများ နည်းဥပဒေ ပုဒ်မ ၂ တွင် ဤဥပဒေများပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်ရသုံး ခန့်မှန်းခြေငွေစာရင်းမှ ကျခံထုတ်ပေးသည့် လစာနှင့် စရိတ်များကို ခံစားခွင့်ရှိသော ဝန်ထမ်းများနှင့်

သက်ဆိုင်သည်။ ဤနည်းဥပဒေများသည် တပ်မတော်သားများဖြစ်စေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဖြစ်စေ သက်ဆိုင်ခွင့် မရှိစေရလို့ ဖော်ပြထားတဲ့အတွက် ဒေသစရိတ် ခံစားခွင့် မရတာဆိုရင် ယခု ဒေသစရိတ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကတော့ ခံစားခွင့်ရနေကြတာကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ကြောင့်လည်း မဖြစ်နိုင်ဘူးလို့ ယူဆပါတယ်။

တပ်မတော်သားများသည် နိုင်ငံ့ဝန်ထမ်းများ မဟုတ်ဘူးလား။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လိုပြဋ္ဌာန်းထားသလဲ ကျွန်တော်ရှာကြည့်ပါတယ်။ အဲဒီအခါမှာ စာမျက်နှာ(၁၂၄) နိုင်ငံ့ ဝန်ထမ်း ခေါင်းစဉ်တွင် ပုဒ်မ ၂၉၁ ၌ နိုင်ငံ့ဝန်ထမ်းဖြစ်သည့် တပ်မတော်သားဟု အတိအလင်း ဖော်ပြပါရှိပါတယ်။

ဒါပေမဲ့ ပုဒ်မ ၂၀(ခ)မှာတော့ နိုင်ငံ့ဝန်ထမ်းဖြစ်သည့် တပ်မတော်သားတွေနဲ့ ပတ်သက်ပြီး တော့ ပုဒ်မ ၂၀(ခ)မှာတော့ တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲခွင့် ခန့်ခွဲ၍ ဆောင်ရွက်ပိုင်ခွင့်ရှိသည်လို့ တစ်ခါတွေ့ရပြန်ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို ကျွန်တော်ကြည့်ပါတယ်။ Slide-4 ထိုးပေးပါ။ အဲဒီမှာ ကျွန်တော်တို့ ပုဒ်မ ၂၃ မှာ ဤ ဥပဒေကို လိုက်နာကြရသူတိုင်းသည် တည်ဆဲဥပဒေ၊ တည်ဆဲစည်းမျဉ်း ဥပဒေတစ်ခုခုအရ ဤအက်ဥပဒေ ကို လိုက်နာရသူအဖြစ် ရသင့်၊ ရထိုက်သော လစာနှင့်စရိတ်ကို ဤအက်ဥပဒေက သို့တည်းမဟုတ် ဤအက်ဥပဒေ အရဖြစ်စေ၊ အခြားအက်ဥပဒေတစ်ခုခုက သို့တည်းမဟုတ် အခြား အက်ဥပဒေတစ်ခုခု အရ ဖြစ်စေ နုတ်ယူခွင့်ပြုသည့် ငွေမှတစ်ပါး အခြားမည်သည့်ငွေကိုမျှ နုတ်ယူခြင်းမပြုဘဲ ပေးရမည်လို့ ကျွန်တော် တွေ့ရှိရပါတယ်။

ကျွန်တော်တင်ပြချင်တာကတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး တစ်ဖက်နိုင်ငံများနဲ့ နီးတဲ့ ဒေသတွေမှာ အခြေစိုက်ထားတဲ့ တပ်ဌာနချုပ်တွေမှာ နေရတဲ့ တပ်မတော်သား မိသားစုများနဲ့ လမ်းပန်း ဆက်သွယ်ရေး ကောင်းတဲ့ ဒေသတွေမှာ နေထိုင်ရတဲ့ မိသားစုများရဲ့ ဘဝဟာ မတူပါဘူး။ အမှန်ကွဲပြား ခြားနားပါတယ်။ စစ်သည်ရဲ့ လစာအပေါ်မှာသာ မှီခိုရတဲ့ မိသားစုဘဝဟာ စစ်သည်လစာသာ အဓိက ဖြစ်ပါတယ်။ တပ်မတော်သားအားလုံးဟာ ပြည်မမှာဘဲ နေနေ၊ နယ်စပ်ဒေသတွေမှာဘဲ နေနေ တာဝန် ထမ်းဆောင်ရတာကတော့ စေလွှတ်ရာ နေရာမှာ တာဝန်ထမ်းဆောင်ရတာမို့ ထူးခြားမှု မရှိပါဘူး။ ထူးခြား တာကတော့ လစာအပေါ်မှီခိုရတဲ့ မိသားစုတွေပါပဲ။ တပ်တိုင်းမှာ တပ်ရင်း၊ တပ်ဖွဲ့ မိသားစု စည်းရုံးရေးနဲ့ စည်းကမ်းထိန်းသိမ်းရေး ကော်မတီဆိုတာ ရှိတာကြောင့် တပ်ပြင်နေထိုင်ခွင့်ကို ခွင့်မပြုဘဲ လင် ယောကျ်ားတာဝန်ကျရာ တပ်ဌာနချုပ်မှာ မိသားစုတွေလိုက်နေရပါတယ်။ ယခင်ကတော့ တပ် အဆောက်အဦ မလုံလောက်လို့ တပ်ပြင်နေထိုင်မှု လျှောက်ထားလျှင် လွယ်လွယ်နဲ့ ခွင့်ပြုပြီး၊ အိမ်ငှား စရိတ် ခွင့်ပြုခဲ့ပေမယ့် ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာတော့ လုံခြုံရေးနဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေး အတွက် တပ်ပြင်နေထိုင်ခွင့်များကို လွယ်ကူစွာ ခွင့်မပြုတော့ပါဘူး။

ဒါကြောင့် မိသားစုများဟာ စစ်သည်တော် တာဝန်ကျရာ ဌာနချုပ်များမှာ မဖြစ်မနေ လိုက်ပါ နေထိုင်ရတဲ့အတွက် နယ်စပ်ခရီးလမ်းပန်း ဆက်သွယ်ရေးခက်ခဲတဲ့ ဒေသ၊ တပ်တွေကို ရောက်သွားတဲ့ မိသားစုများဟာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝမှာ ခက်ခဲမှုများ ရှိလာပါတယ်။ ကျွန်တော်စစ်သက် (၃၅)နှစ်အတွင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့ ရှမ်းပြည်အရှေ့ပိုင်း မိုင်းဖြတ်၊ မိုင်းယောင်း၊ တာလေ ဒေသများမှာ နေဖူးခဲ့သလို ပြည်တွင်းတပ်များမှာလည်း နေဖူးပါတယ်။ အလွန်ကွာခြားပါတယ်။ တာလေ မြို့မှာ နည်းဗျူဟာမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် ၂၀၀၃ ခုနှစ်က ကွပ်ကဲမှုအောက် တပ်ရင်းတစ်ရင်း

က တပ်ခွဲမှူးအရာရှိဗိုလ်ကြီး မိသားစု မိမိရသည့် ဗိုလ်ကြီးလစာဟာ ဘတ်ငွေနဲ့ လဲလှယ်သုံးစွဲရတဲ့ အတွက် မလောက်ငှလို့ မိမိဇာတိ မွန်ပြည်နယ်၊ သထုံမြို့ကို မိသားစုပြန်နေခွင့်ပြုဖို့ တောင်းခံတာ ကြုံခဲ့ဖူး ပါတယ်။ အရာရှိမိသားစုများပင် အခက်အခဲရှိတာမို့ အခြားအဆင့် မိသားစုများ ပိုမိုခက်ခဲမယ်ဆိုတာကို သတိပြုမိပါတယ်။ ၂၀၀၃ ခုနှစ် မတိုင်ခင်က ဝေးလံခေါင်သီတဲ့ ဒေသက တပ်တွေမှာ မိသားစုယူနစ်ရိက္ခာ ထုတ်ပေးပါတယ်။ ယူနစ်ရိက္ခာ စရိတ်တန်ဖိုးနဲ့ ညီမျှတဲ့ငွေကို လစာက ဖြတ်တောက်ပြီး ပြန်သွင်းရ ပါတယ်။ အခက်အခဲများရှိသည့်တိုင် အသင့်တင့်စားသောက်ရေးကို အဆင်ပြေပါတယ်။ ၂၀၀၃ ခုနှစ် နောက်ပိုင်း ယူနစ်ရိက္ခာမပေးတဲ့ အချိန်ကစပြီး တပ်တွင်းက စစ်သည်များရဲ့ အလယ်တန်း၊ အထက်တန်း ပညာသင်ရမယ့် အရွယ်ကျောင်းသားများဟာ တပ်တွင်း အဆောက်အဦသစ်များ ဆောက်လုပ်ရေး လုပ်ငန်းမှာ ပန်းရံလုပ်ငန်းတွေ ဝင်ရောက်လုပ်ကိုင်ရပါတယ်။ တပ်တွင်းမှာ စိုက်ပျိုးတဲ့ စိုက်ခင်းကထွက် တဲ့ အသီးအရွက်တွေကို တပ်ပြင်ထွက်ရောင်းပြီး စားဝတ်နေရေး ဖြည့်တင်းခဲ့ရတာ အမှန်ဖြစ်ပါတယ်။

တပ်ရင်း စည်းရုံးရေးကော်မတီနဲ့ တပ်ရင်းမိသားစု စည်းရုံးရေးနဲ့ စည်းကမ်းထိန်းသိမ်းရေး ကော်မတီမှာလည်း အစွမ်းကုန်လုပ်ပေးနိုင်တာ (၁၀)မျိုး၊ (၁၀)ဘောင်၊ (၁)စင်စိုက်ပျိုးရေး၊ တစ်နိုင်မွေးမြူ ရေးပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကလည်း ဒေသအခက်အခဲကို အပြည့်အဝ မဖြေရှင်းပေးနိုင်ပါဘူး။ ဒါကြောင့်လည်း ဒီလိုအခက်အခဲတွေ တပ်တွင်းမှာ ရှိမနေဘူးလို့ မပြောနိုင်ပါဘူး။ နိုင်ငံ့ဝန်ထမ်းချင်း အတူတူ အသက်စွန့်ပြီး တာဝန်ထမ်းဆောင်နေရတဲ့ နေ့ညဆင်းရဲစွာ (၂၄)နာရီ တာဝန်ထမ်းဆောင်နေရ တဲ့ တပ်မတော်သားများ၊ အရာရာကို စွန့်လွှတ်အနစ်နာခံနေရတဲ့ တပ်မတော်သားများ ဒေသစရိတ် ဘာကြောင့် ခံစားခွင့်မရလဲဆိုတာကို သိလိုတဲ့အတွက် ဤကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြရတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်မေးမြန်းတင်ပြသွားမှာကတော့ (၁) ဝေးလံခေါင်သီ၍ လူမှုရေး ခက်ခဲ သော ဒေသများတွင် တာဝန်ထမ်းဆောင်နေရသော နိုင်ငံ့ဝန်ထမ်းများကို ဒေသစရိတ်များ ခံစားခွင့်ပြု ထားသော်လည်း ထိုဒေသများတွင် အခြေစိုက်ဖွင့်လှစ်ထားသည့် တပ်မတော်တပ်ဖွဲ့ဝင် စစ်သည်များကို ခံစားခွင့်မပြုခြင်းမှာ အဘယ်ကြောင့်ပါနည်း။ (၂) ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် ၂၀၀၃ ခုနှစ်မတိုင်မီက တာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်သား မိသားစုများအတွက် ယူနစ်ရိက္ခာ ထုတ်ပေး ရောင်းချခဲ့သော်လည်း ယခုအခါ ထိုဒေသရှိ တပ်မတော်သားများသည် ဒေသစရိတ်လည်း မရ၊ မိသားစု ယူနစ်ရိက္ခာလည်း မရသဖြင့် အခက်အခဲကြုံနေရသည့် တပ်မတော်သားများအား ဒေသစရိတ် ပေးရန် သို့မဟုတ် မိသားစုယူနစ်ရိက္ခာရောင်းချပေးရန် အစီအစဉ် ရှိ/မရှိကို တပ်မတော်သား နိုင်ငံ့ ဝန်ထမ်းများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၉။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးရဲ့ ကိုယ်စား ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ မေးခွန်းနဲ့ ကျွန်တော် တို့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့် ရဲ့ မေးခွန်းကို ဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ရဲ့ မေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ အမှတ် ၁၀၁ ခြေမြန်တပ်မဌာနချုပ် လက်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များက သိမ်းဆည်းထားသော လယ်မြေနှင့် ကိုင်းမြေ (၄၅၀)ဧကကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်း၍ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားရမယ်ဆိုရင် အမှတ် ၂၃၅ ခြေလျင်တပ်ရင်းရဲ့ တပ်ပိုင်မြေကို ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက် စာအမှတ် ၁၁/၅/အခ ၄ ဖြင့် မြေ (၇၄.၆၆)ဧက၊ စာအမှတ် ၁၂/ ၅/အခ ၄ ဖြင့် မြေ (၃၈.၀၉)ဧက၊ ပထမအကြိမ်အဖြစ် ကျွန်တော်တို့ သိမ်းဆည်းခဲ့ပါတယ်။ ၁၉၉၃ ခုနှစ် ဧပြီလ (၂၇)ရက် စာအမှတ် ၁၂/၅/အခ ၄ ဖြင့် မြေ(၄၀.၁၈)ဧကကို ဒုတိယအကြိမ်၊ မကွေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၁၉၉၅ ခုနှစ်၊ ဇွန်လ (၂၁)ရက် စာအမှတ် ၄၄၁/မြေယာ-၁/တဝတ မကွေး ဖြင့် မြေ(၆.၅၅)ဧကကို တတိယအကြိမ် သိမ်းဆည်းခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၉၉ ခုနှစ်၊ မေလ(၂၇)ရက် စာအမှတ် ၂၀၀/၁-၅/ဦး(၁)ဖြင့် မြေ (၄၀.၃၉)ဧကနဲ့ (၃၈၀.၉၉)ဧကကို စတုတ္ထအကြိမ်အဖြစ် လည်းကောင်း စုစုပေါင်း ကျွန်တော်တို့ (၅၈၀.၈၆)ဧကကို လုပ်ထုံးလုပ်နည်းနဲ့အညီ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါ တယ်။ ၎င်းမြေများအနက်မှ ကျွန်တော်တို့ အမှတ် ၁၀၁ ခြေမြန်တပ်မဌာနချုပ်ကို မြေ(၃၈.၉၃)ဧက ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁၈)ရက်နေ့မှာ ကျွန်တော်တို့ လွှဲပြောင်းပေးအပ်တဲ့အတွက် ကျွန်တော်တို့ တပ်ရင်းတွေ တပ်ပိုင်မြေအဖြစ် (၅၄၁.၉၃)ဧက ကျန်ရှိကြောင်း ဦးစွာ စစ်ဆေးတွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းပါ ကျွန်တော်တို့ မြေနေရာကတော့ အမှတ်(၂၃၅) ခြေလျင်တပ်ရင်း တပ်ပိုင်မြေအဖြစ် လုံခြုံရေးအရ ကျွန်တော်တို့ စတုတ္ထအကြိမ် သိမ်းဆည်းဆောင်ရွက်တဲ့ ပြည်ထဲရေးအမိန့် ရရှိတဲ့ မြေ(၄၂၀.၃၈)ဧကမှာ ပါရှိပြီးဖြစ်ပါတယ်။ ၎င်း မြေနေရာကို အမှန်တကယ် လုပ်ကိုင်သော မြေဧကကို ကျွန်တော်တို့ ပြန်လည်စိစစ်တဲ့အခါမှာ (၂၆၈) ဧကရှိပြီးတော့ ကျန်မြေ (၁၅၃.၃၈)ဧကကတော့ ရေရှိတဲ့ အင်းမြေတွေပဲ ဖြစ်ပါတယ်။ အဆိုပါ စိုက်ပျိုး နိုင်တဲ့ မြေ (၂၆၈)ဧကမှာ ပခုက္ကူတပ်နယ် တပ်မဌာနချုပ်နဲ့ တပ်ရင်းတပ်ဖွဲ့များမှ အိမ်ထောင်သည်နှင့် မှီခိုများအတွက် သက်သာချောင်ချိရေးဆောင်ရွက်နိုင်ရန် အမှတ် ၁၀၁ ခြေမြန်တပ်မဌာနချုပ်မှ (၅၆) ဧက၊ ၁၀၁ ခြေမြန်တပ်မဌာနချုပ်၊ ဆက်သွယ်ရေးတပ်ခွဲမှ (၁၁)ဧက၊ အမှတ် ၉၀၉ စစ်မြေပြင် အင်ဂျင် နီယာတပ်ရင်းမှ (၅)ဧက၊ အမှတ် ၇ စစ်မြေပြင် ဆေးတပ်ရင်းမှ (၃)ဧက ၊ အမှတ် ၂၃၅ ခြေလျင်တပ်ရင်းမှ (၁၃၃)ဧက၊ အမှတ် ၂၅၁

ခြေလျင်တပ်ရင်းမှ (၂၀)ဧက၊ အမှတ် ၂၅၂ ခြေလျင်တပ်ရင်းမှ (၂၀)ဧကနှင့် အမှတ် ၂၅၉ ခြေလျင် တပ်ရင်းမှ (၂၀)ဧက စုစုပေါင်း (၂၆၈)ဧကကို ကျွန်တော်တို့ တပ်ရင်းတပ်ဖွဲ့များရဲ့ စိုက်ပျိုးရေး တာဝန်ခံ အရာရှိရဲ့ ကျွန်တော်တို့ နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံ၊ ကုလားပဲ စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများကို ခွဲဝေဆောင်ရွက်လျက် ရှိပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းပါ မြေနေရာများကို ပြည်ထဲရေးဝန်ကြီးဌာန ၏ မြေပေးမိန့် ရရှိပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ တပ်ပိုင်မြေသိမ်းဆည်းရေး ဆောင်ရွက်ခဲ့ပြီး ဖြစ်တဲ့ အတွက် အမှတ် ၂၃၅ ခြေလျင်တပ်ရင်းရဲ့ မူလတပ်ပိုင်မြေအတွင်း ပါရှိနေခြင်း၊ လူ၊ အဆောက်အအုံ၊ အုပ်ချုပ်မှု အဆောက်အအုံများနဲ့ နီးကပ်စွာတည်ရှိပြီး လေ့ကျင့်ရေးနှင့် လုံခြုံရေး ထိခိုက်လာနိုင်ခြင်းနဲ့ လက်ရှိ အခြေအနေမှာ တပ်မဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ အိမ်ထောင်သည်များ၊ မှီခိုသူ မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် လောလောဆယ်အနေနဲ့တော့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် မရှိပါကြောင်း ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမန်းကံညွန့် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်တို့ ဖြေရမယ်ဆိုရင် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်း များကို ဒေသစရိတ် ခံစားခွင့်ပြုထားသော်လည်း ထိုဒေသများတွင် အခြေစိုက် ဖွင့်လှစ်ထားသည့် တပ်မတော် တပ်ဖွဲ့ဝင် စစ်သည်များ၏ ခံစားခွင့်မပြုခြင်းနှင့် စပ်လျဉ်း၍ မေးခွန်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမန်းကံညွန့် အနေနဲ့ တစ်ချိန်က တပ်မတော်အရာရှိကြီးတစ်ဦး အဖြစ်နဲ့ နယ်စွန်နယ်ဖျားဒေသများမှာ စစ်ဆင်ရေးတာဝန် ထမ်းဆောင် ခဲ့ပြီး ယခုလို ဝေးလံခေါင်သီပြီး လူမှုရေးခက်ခဲရှိတဲ့ ဒေသများရှိ အခြေစိုက်ဖွင့်လှစ်ထားတဲ့ တပ်မတော် တပ်ဖွဲ့ဝင် စစ်သည်များရဲ့ အကျိုးကိစ္စကို မေးမြန်းပေးတဲ့အတွက် ကျွန်တော်တို့ ဦးမန်းကံညွန့် ကို ကျေးဇူး တင်ရှိကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားရမယ်ဆိုရင် ဘဏ္ဍာရေး နဲ့ အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၀၁၁ ခုနှစ်၊ မတ်လ (၁၅)ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၀၁/၂၀၁၂/၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်၊ အမိန့်ကြော်ငြာစာအမှတ် ၂၈၆/၂၀၁၃၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်၊ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၁၃/၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်၊ ရက်စွဲပါစာအမှတ် ၁၅၁/၂၀၁၂ တို့ဖြင့် ဒေသစရိတ် ခံစားခွင့် ရှိသော မြို့နယ်များ ပြင်ဆင်သတ်မှတ်ခြင်းနဲ့ ဒေသစရိတ် နှုန်းထားများ ပြင်ဆင်သတ်မှတ်ခဲ့ရာမှာ မြို့ပြလစာတစ်မျိုးတည်းသာ ခံစားနေသည့် စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများကိုသာ ကျွန်တော်တို့ ဦးမန်းကံညွန့် မေးတဲ့ အတိုင်း ဝန်ထမ်းကိုသာ ကျွန်တော်တို့ ခံစားခွင့် ပြုခဲ့ပါတယ်။ ဒေသစရိတ်ခံစားခွင့်ရှိသည့် မြို့နယ် များတွင် အခြေစိုက်ဖွင့်လှစ်ထားသည့် တပ်မတော် တပ်ဖွဲ့ဝင်စစ်သည်များ အနေဖြင့်လည်း ယခင်က လည်း ဒေသစရိတ်ခံစား ရရှိခဲ့ခြင်း မရှိခြင်းကြောင့် ဒေသစရိတ်ခံစားခွင့် မပြုခြင်းဘဲ ဖြစ်ပါတယ်။

နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝေးလံသီခေါင်ပြီး လမ်းပန်းဆက်သွယ် ရေး ခက်ခဲတဲ့ မြို့နယ်များမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများနဲ့ စစ်သည်အစားခန့် အရပ်သား ဝန်ထမ်းများကိုသာ ဒေသစရိတ် ခံစားခွင့်ပြုခဲ့ပြီး ၎င်းဒေသများမှာ တာဝန်ထမ်းဆောင်နေတဲ့

တပ်မတော်သားများအတွက် ဒေသစရိတ်ခံစားခွင့် မရရှိသော်လည်း ၎င်းတို့၏ အိမ်ထောင်စုဝင် မိသားစုများ တပ်နေပျော်ရေးနဲ့ သက်သာချောင်ချိရေးကို ပိုမိုထိရောက်ပြီး အထောက်အကူပြုစေရန်အတွက် စိုက်ပျိုး၊ မွေးမြူရေးဖြင့်သာ ဆောင်ရွက်ကာ မိသားစုသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးခဲ့ ပြီးဖြစ်တဲ့အပြင် ခုနက ကျွန်တော်တို့ ဦးမန်းကံညွန့် မေးတဲ့ ယူနစ်ရိက္ခာနဲ့ ပတ်သက်လို့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ကစပြီး အိမ်ထောင်စုဝင်ရိက္ခာ ယူနစ်ရိက္ခာများကိုလည်း ထောက်ပံ့ပေးနေပါကြောင်း ပြောကြားရင်းနဲ့ ကျွန်တော်ရဲ့ ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို မင်္ဂလာပါ။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၉ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၄ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကျန်ရှိနေတဲ့မေးခွန်းများ ဆက်လက်ဆောင်ရွက်ခွင့်ပြုဖို့ လွှတ်တော်ကို တင်ပြအပ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်းတည်ဆောက်ပြီးဖြစ်သော GSM တာဝါတိုင်များတွင် မည်သည့်အချိန်၌ စက်တပ်ဆင်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့် က တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးဖြစ်သော GSM တာဝါတိုင်များတွင် မည်သည့်အချိန်၌ စက်တပ်ဆင်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တည်ဆောက်သောGSM တာဝါတိုင်များကို တပ်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးဟာ ကမ်းရိုးတန်းဒေသဖြစ်တဲ့အတွက် CDMA တယ်လီဖုန်းများကိုသာ အဓိကအားထား ဆက်သွယ်နေရပြီးတော့ ဆက်သွယ်ရေးဖိုက်ဘာ ဆက်ကြောင်းများ မကြာခဏပြတ်တောက်တဲ့အတွက် ဆက်သွယ်မှု အဆင်မပြေဖြစ်ခဲ့ရပါတယ်။ GSM တာဝါတိုင်အချို့ စိုက်ထူပေးခဲ့သော်လည်း အသုံးပြုသည့် တယ်လီဖုန်းက များနေသည့်အတွက် ဆက်သွယ်မှုဧရိယာ ပြင်ပ၌သာ ကြုံတွေ့နေဆဲ ဖြစ်ပါတယ်။ ယခင်နယ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်ခရိုင်တွင် တာဝါတိုင်(၉)တိုင်၊ မြိတ်ခရိုင်တွင် တာဝါတိုင်(၁၀)တိုင်နှင့် ကော့သောင်းခရိုင်တွင် တာဝါတိုင်(၆)တိုင်တို့ကို တည်ဆောက်ထားပြီး ဖြစ်သော်လည်း အဆောက်အဦလုပ်ငန်းနှင့် စက်တပ်ဆင်ရေးလုပ်ငန်းများ ကြန့်ကြာနေသည့်အတွက် ဆက်သွယ်ရေးမှာ ခက်ခဲမြဲဖြစ်ပါတယ်။

နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးတို့တွင် MPT, Ooredoo, Telenor များဖြင့် စိတ်ကြိုက် အသုံးပြုနိုင်သည့် အခြေအနေရှိသော်လည်း ကျွန်တော်တို့တိုင်းဒေသကြီးမှာတော့ MPT တယ်လီဖုန်း လိုင်းပင် ခေါ်ယူ၍ မရနိုင်သေးတဲ့ အခြေအနေဖြစ်ပါတယ်။ ယခု မြန်မာနိုင်ငံဆက်သွယ်ရေးကွန်ယက် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ဂျပန်နိုင်ငံက ဂျပန်ယမ်း(၁၀.၅)ဘီလီယံ ချေးယူရန် သဘောတူညီချက် ရရှိပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။

ဒါကြောင့် တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူများကလည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စက်သစ်ကြီးများ လာရောက် တပ်ဆင်ပေးမယ့်နေ့ရက်ကို စောင့်မျှော်နေဆဲပါ။ သို့ပါ၍ ဒေသခံပြည်သူများ ကိုယ်စားမေးမြန်းလိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးဖြစ်သော GSM တာဝါတိုင်များကို မည်သည့်အချိန်၌ စက်တပ်ဆင်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၀။**

**ဦးဝင်းသန်း (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဦးမိုးမြင့် ရဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်း တည်ဆောက်ပြီးဖြစ်တဲ့ GSM တာဝါတိုင်များမှာ မည်သည့်

အချိန်မှာ စက်တပ်ဆင်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနဲ့စပ်လျဥ်းပြီးတော့ ကျွန်တော် ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ GSM စခန်း(၃၄)ခု၊ WCDMA စခန်း(၇)ခု၊ CDMA-450 စခန်း(၂၀)ခုနဲ့ CDMA-800 စခန်း(၄)ခုတို့ကို ကျွန်တော်တို့ တပ်ဆင်ဖွင့်လှစ်ပေးပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ မိုဘိုင်းရေဒီယိုစခန်းတွေကို ထားဝယ်မြို့နယ်မှာစခန်း(၃)ခု၊ ရေဖြူမြို့နယ်မှာ စခန်း(၃)ခု၊ လောင်းလုံမြို့နယ်မှာ စခန်း(၁)ခု၊ သရက်ချောင်းမြို့နယ်မှာ စခန်း(၂)ခု၊ မြိတ်မြို့နယ်မှာ စခန်း(၂)ခု၊ ကျွန်းစုမြို့နယ်မှာစခန်း(၂)ခု၊ ပုလောမြို့နယ်မှာ စခန်း(၄)ခု၊ တနင်္သာရီမြို့နယ်မှာ စခန်း(၂)ခု၊ ကော့သောင်းမြို့နယ်မှာ စခန်း(၄)ခု၊ ဘုတ်ပြင်းမြို့နယ်မှာ စခန်း(၂)ခု၊ စုစုပေါင်း မိုဘိုင်းရေဒီယိုစခန်း (၂၅)ခုကိုလည်း ထပ်မံတည်ဆောက်လျက်ရှိရာ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကုန်အတွင်းမှာ အခြေခံလုပ်ငန်းများပြီးစီးပြီးတော့ စက်တပ်ဆင်ခြင်းလုပ်ငန်းတွေကို ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကျွန်တော်တို့ ပြီးစီးအောင်ဆောင်ရွက်ဖို့ စီစဥ်ပြီးဖြစ်ပါတယ်။

ဒီတနင်္သာရီတိုင်းအတွင်းက ကျန်ရှိနေတဲ့ စက်တပ်ဆင်ဖို့ ကျန်တဲ့စခန်းတွေကို အောက်တိုဘာလအပြီး ဆောင်ရွက်ဖို့ ကျွန်တော်တို့စီစဥ်ထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ တနင်္သာရီတိုင်း၊ မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမိုးမြင့်တင်ပြတဲ့စခန်းများအပါအဝင် ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ အလားတူဆောင်ရွက်ဆဲစီမံကိန်းများ၊ စခန်းများ ကျန်ရှိနေတာ (၅၅၂)စခန်း၊ (၅၅၂)နေရာရှိနေပါတယ်။

ဒီစခန်းတွေအားလုံးကို ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးအောင်ဆောင်ရွက်ပေးသွားမှာဖြစ်ပြီးတော့ ကျွန်တော်တို့ အဆင့်လိုက်ဆောင်ရွက်ဖို့ စီစဥ်ပြီးဖြစ်ပါတယ်။ ပထမအဆင့် (Page- 1)၂၀၁၅ ဇူလိုင်၊ (Page-2) ၂၀၁၅ အောက်တိုဘာနဲ့ တတိယအဆင့် (Page-3) ကျွန်တော်တို့ စီစဥ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့တွင်းနှင့် လုံပီးစိုက်ပျိုးရေး သိပ္ပံကျောင်းများကို ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားလျှပ်စစ်စက်ရုံမှ ထွက်လာသောရေများကို ပိုက်လုံးများဖြင့် သွယ်တန်းပြီး လျှပ်စစ်အားအသုံးပြု၍ရေတွန်းစနစ်ဖြင့် ရေပေးဝေခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ဖလမ်းမြို့တွင်းနှင့် လုံပီးစိုက်ပျိုးရေး သိပ္ပံကျောင်းများကို ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားလျှပ်စစ် စက်ရုံမှ ထွက်လာသောရေများကို ပိုက်လုံးများဖြင့် သွယ်တန်းပြီး လျှပ်စစ်အား အသုံးပြု၍ ရေတွန်းစနစ်ဖြင့် ရေပေးဝေခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်ထောင်စုဒုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးခွင့်ပြုတဲ့အတွက် များစွာကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့မှာဆိုရင် အခုဒီ ရာသီဥတုပြောင်းလဲလာမှုကြောင့် တစ်ကြောင်း၊ ပြီးတော့ သစ်တောပြုန်းတီးလာမှုကြောင့် တစ်ကြောင်း၊ လူဦးရေ ထူထပ်လာပြီးတော့ ဒေသခံလူတွေ ကလည်း တိုးတက်လာပြီးတော့ UGO ကအချက်တွေက တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာပါတယ်။ ကျွန်တော်တို့ ရေထွက်တွေကလည်း မရှိတော့ပါဘူး။ ကျွန်တော်တို့ တော်တော်လေး ရေ ရှားပါးလာ ပါတယ်။ ဒီကျွန်တော်တို့ ဖလမ်းကနေ (၁၆)မိုင်လောက်မှာရှိတဲ့ လိုင်ဗားရေလှောင်တမံဟာဆိုရင် အမြင့်ပေ (၇၀၀၀)ကျော်မှာ တည်ရှိပြီးတော့ အဲဒီအောက် အမြင့်ပေ(၆၀၀၀)လောက်မှာ လျှပ်စစ်စက်ရုံ တည်ဆောက် ပြီးတော့ အဲဒီကနေ လျှပ်စစ်စက်ရုံကနေ ထွက်တဲ့ ရေတွေက အလကားနဲ့ စီးဆင်းနေ ပါတယ်။ ဘယ်နေရာမှာမှ အသုံးမပြုဘဲနဲ့ ဒီလိုပဲ စီးဆင်းနေပါတယ်။ ဒီရေကို ကျွန်တော်တို့ အမြင့်ပေ (၆၅၀၀)လောက်မှာ ရေတွန်းစက်နဲ့ တွန်းပေးမယ်ဆိုရင် ဖလမ်းမြို့နဲ့ လုံပီးမှာ Gravity Force နဲ့၊ ကမ္ဘာ့ဆွဲအားနဲ့ သူ့ဟာသူ စီးဝင်နိုင်မှာ ဖြစ်ပါတယ်။

ဒီလိုလုပ်ပေးမယ်ဆိုရင် ကျွန်တော်တို့ ဖလမ်းမြို့နဲ့ ဒီအခု အသစ်တည်ဆောက်မယ့် လုံပီး စိုက်ပျိုးရေးသိပ္ပံကျောင်းဟာ ရေ လုံလုံလောက်လောက် ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းမှာ ဒါကို ကျွန်တော်တို့ ဖလမ်းမြို့တွင်းနဲ့ လုံပီး စိုက်ပျိုးရေး သိပ္ပံကျောင်း များကို ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားလျှပ်စစ်စက်ရုံမှထွက်လာသော ရေများကို ပိုက်လုံးများဖြင့် သွယ်တန်းပြီး လျှပ်စစ်အား အသုံးပြု၍ ရေတွန်းစနစ်ဖြင့် ရေပေးဝေခြင်းကို ၂၀၁၅-၂၀၁၆ နှစ် ဘဏ္ဍာနှစ် အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးဇုန်လှယ်ထန်း သွားရောက်ကြည့်ရှုနေသော မြင်ကွင်းပုံ (၈)



**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၂၇။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ဝန်ကြီးရဲ့ ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ အမှတ်(၂)မဲဆန္ဒနယ် ဦးဇုန်လှယ်ထန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ လုံပီး စိုက်ပျိုးရေးသိပ္ပံကျောင်းအတွက် ရေရရှိရေးနဲ့ လျှပ်စစ်မီးရရှိရေးနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်းဟာ ဖလမ်းမြို့က(၆)မိုင်ကျော်နဲ့ လိုင်ဗားဆည်မှ (၁၆)မိုင်ကျော် ကွာဝေးပြီး ကျောင်းရှိ အဆောက်အအုံများကို ပြည်နယ်စိုက်ပျိုးရေးအဖွဲ့၏ ရန်ပုံငွေနဲ့ တည်ဆောက် လျက်ရှိရာမှာ ၂၀၁၄-၂၀၁၅ခုနှစ် ပြည်နယ်အစိုးရရဲ့ ရန်ပုံငွေမှာ ရေသွယ်ယူခြင်းလုပ်ငန်းနဲ့ မီးသွယ်တန်း ခြင်းလုပ်ငန်းများ မပါရှိသဖြင့် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဥ်နဲ့ ဘဏ္ဍာငွေ သက်သာမှုရှိစေရန် အနီးဆုံးနဲ့ အနည်းဆုံး ကုန်ကျမည့်ရန်ပုံငွေ တွက်ချက်မှုဖြင့် လျှပ်စစ်မီး တပ်ဆင်ခြင်းအတွက် ကျပ် (၃၇.၁၀၀) သန်းနှင့် ရေသွယ်ခြင်းနဲ့ ရေသန့်ပြုလုပ်ခြင်းအတွက် ကျပ်(၇၄.၅၀၀)သန်းအား ပြည်နယ် အစိုးရ၏ ၂၀၁၅-၂၀၁၆ ခုနှစ် ငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်းတွက်ချက် တောင်းခံထားပြီး ဖြစ်ပါတယ်။

လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်း ရေသွယ်ယူရေးအတွက် ကျောင်းအထက် တစ်မိုင်အကွာ ရေထွက်မှလျှောင်ကန်ဖြင့် သိုလှောင်ပြီး ရယူဆောင်ရွက်သွားရန် ဘတ်ဂျက်မှ တွက်ချက်ထားခြင်း ဖြစ်ပါတယ်။လျှပ်စစ်သွယ်တန်းရေးနှင့် ပတ်သက်ပြီးလုံပီးကျေးရွာတစ်ရွာလုံး ငဆစ်ဗားရေအား လျှပ်စစ်လိုင်းမှ မီးရယူထားပြီးဖြစ်၍ လုံပီးစိုက်ပျိုးရေးသိပ္ပံကျောင်း လျှပ်စစ်သွယ်တန်းရေးအတွက် မီးလိုင်းရှိပြီးဖြစ်တဲ့ ငဆစ်ဗားရေအားလျှပ်စစ်စီမံကိန်း ဖြတ်သန်းလမ်းကြောင်းမှ ရယူသွားရန် ပြည်နယ် အစိုးရမှ ဘတ်ဂျက် တွက်ချက်တင်ပြထားခြင်းဖြစ်ပါတယ်။

ကျောင်းအဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးဆောင်ရွက်ပြီးပါက ရေရရှိရေး လုပ်ငန်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်နယ်အစိုးရ၏ အစီအစဥ်ဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်ဘတ်ဂျက်မှာ ဆက်လက်ဆောင်ရွက်သွားမည်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံမှသဝဏ်လွှာ ပေးပို့လာခြင်းကိစ္စနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့၌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း တင်သွင်းသည့်"ခေတ်စနစ်၊ အချိန်အခါ အခြေအနေနှင့် ညီညွတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပေါ်လာရေး၊ ပစ္စုပ္ပန်နှင့် အနာဂတ် မြန်မာနိုင်ငံ တည်ဆောက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးလမ်းခင်းပေးနိုင်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ တိုင်းရင်းသားအစုအဖွဲ့များမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့ ဆောလျင်စွာ တွေ့ဆုံညှိနှိုင်း ဆွေးနွေးရေး ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းကြောင်း" အရေးကြီး အဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းအဆို ဆုံးဖြတ်ချက်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ သို့လည်း ပေးပို့ထားပြီးဖြစ်ပါကြောင်းသိရှိနိုင်ပါရန်နှင့် သုံးသပ်ဆောင်ရွက် နိုင်ပါရန် နိုင်ငံတော်သမ္မတထံ သဝဏ်လွှာ ပေးပို့ခဲ့ပါတယ်။

ယင်းသဝဏ်လွှာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော် နာယက ထံသို့ သဝဏ်လွှာပြန်လည် ပေးပို့လာပါတယ်။ ၂၀-၁-၂၀၁၅ ရက်နေ့ထုတ် နိုင်ငံတော်ပိုင် သတင်းစာ များမှာလည်း အပြည့်အစုံ ဖော်ပြထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ ထံမှ ပေးပို့လာသည့် သဝဏ်လွှာနှင့်စပ်လျဉ်း၍ မိမိထံသို့ ယင်းကိစ္စနှင့်ပတ်သက်ပြီး သဘောထားနှင့်တွေ့ဆုံဆွေးနွေးပွဲအား ဆောင်ရွက်လိုသည်ကိုလည်း အလျင်အမြန် ပြန်ကြားပေးစေ လိုပါကြောင်း သဝဏ်လွှာ ပေးပို့လာပါတယ်။

မိမိအနေဖြင့် တွေ့ဆုံဆွေးနွေးပွဲအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအနေနဲ့ တက်ရောက်မှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် တွေ့ဆုံဆွေးနွေးပွဲတွင် အကြံပြု တင်ပြလိုသော အကြောင်းအရာ အချက်အလက်များကို မိမိထံသို့ ၂၃-၁-၂၀၁၅ ရက်နေ့အရောက် စာဖြင့်ရေးသား ပေးပို့ရန် ဖိတ်ခေါ်အပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များထံမှ ရရှိလာတဲ့ အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက် ပြီး (၆)ပွင့်ဆိုင်ဆွေးနွေးပွဲမှာ ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ များတွင် (PR)စနစ်ကျင့်သုံးခြင်းနှင့် (PR)စနစ် ကျင့်သုံးရေးဆိုင်ရာ အဆို အကောင်အထည် ဖော်ရေးကော်မရှင်၏ အစီရင်ခံစာတွင် ပါရှိသော ရွေးကောက်ပွဲစနစ် ပုံစံ(၂)မျိုးသည် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ညီညွတ်ခြင်း ရှိ/မရှိ အဆုံးအဖြတ် ပြုပေးရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် က လာမည့် ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ် များ ရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား တိုက်တွန်းကြောင်းအဆိုကို၃-၆-၂၀၁၄ရက်နေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၌ ယင်းအဆိုကို မဲခွဲဆုံးဖြတ်ခဲ့ရာ အဆိုအောင်မြင်ခဲ့ပါတယ်။

ရွေးကောက်ပွဲပုံစံ ရွေးချယ်ရေးအတွက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် အချိုးကျ ကိုယ်စားပြုစနစ် (PR)ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေး ကော်မရှင်ကို ၁၃-၆-၂၀၁၄ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၁၈/၂၀၁၄)ဖြင့် အမျိုးသားလွှတ်တော်က ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ ယင်းကော်မရှင်မှ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးသင့်သည့် စနစ်များကို လေ့လာပြီး၂၄-၁၁-၂၀၁၄ ရက်နေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ အစီရင်ခံစာတင်သွင်းခဲ့ရာ ရွေးကောက်ပွဲပုံစံ(၂)မျိုးကို တင်ပြ ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် (PR)စနစ်ကျင့်သုံးခြင်း၊ ဥပဒေပြင်ဆင်ရေး လုပ်ငန်းများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်စေခြင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသများကို ချန်လှပ်၍ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် တစ်ပြေးညီ ကျင့်သုံးရန် လျာ ထားခြင်းနှင့် တင်ပြထားသော ရွေးကောက်ပွဲပုံစံ(၂)မျိုးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ/မရှိ အဆုံးအဖြတ်ပြုပေးပါရန်၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် အပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂၆)ဦးတို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ၁-၁၂-၂၀၁၄ ရက်စွဲပါစာဖြင့် တင်ပြလာပါတယ်။

ပါဝင်လက်မှတ် ရေးထိုးထားသူများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ် -

(က) ဦးအောင်ကြည်ညွန့် မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၄)

| | | |
|---|---|---|
| ( ခ ) | ဦးခင်မောင်လတ် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) |
| ( ဂ ) | ဦးထွန်းကျော် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) |
| (ဃ) | ဦးအုန်းတင် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) |
| ( င ) | ဦးမန်းအောင်တင်မြင့် | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) |
| ( စ ) | ဦးပေါလ်ထန်ထိုင်း | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) |
| (ဆ) | ဦးစောသန်းထွန်း | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) |
| ( ဇ ) | ဒေါက်တာကျော်သိန်း | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) |
| ( ဈ ) | ဦးဌေ့ယိန်း | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) |
| (ည) | ဦးပေါ်လျှံလွင် | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) |
| ( ဋ ) | ဦးကျွန်ခဲန်း | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) |
| ( ဌ ) | ဦးစိုင်းမြမောင် | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) |
| ( ဍ ) | ဦးစိုင်းသန့်ဇင် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) |
| ( ဎ ) | ဦးစိုင်းကျော်ဇောသန်း | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) |
| (ဏ) | ဦးစောအောင်ကျော်နိုင် | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) |
| (တ) | ဦးကျော်ထွန်းအောင် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) |

(ထ) ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး — ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)

( ဒ ) ဦးကျော်ကျော် — ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

( ဓ ) ဦးမင်းဦး — ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

( န ) ဦးသိမ်းဆွေ — ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)

( ပ ) ဒေါက်တာဗညားအောင်မိုး — မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( ဖ ) ဦးစတီဗင်သာဘိတ် — ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)

( ဗ ) ဦးဇုန်လှယ်ထန်း — ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

(ဘ) ဦးစောတော်ပလဲ — ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

( မ ) ဒေါက်တာအေးမောင် — ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)

(ယ) ဒေါက်တာမြတ်ဉာဏစိုး — ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တို့ ဖြစ်ပါတယ်။

ဦးအောင်ကြည်ညွန့်အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂၆)ဦးတို့က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၅(ဃ)အရ လျှောက်ထားခြင်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၆(ဃ)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၁၄(ဃ) တို့နှင့် ညီညွတ်မှုရှိသည့်အတွက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၁၅(ဃ) အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ အမျိုးသားလွှတ်တော်၏၁၅-၁၂-၂၀၁၄ရက်စွဲပါ စာအမှတ်၊ ၂/အမ (ဥပဒ)၂-၂၅ (ကော်မရှင်)/၂၀၁၄(၅၂၅) ဖြင့် ပေးပို့ခဲ့ပါကြောင်း လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ အတွင်းရေးမှူး ဦးဇုန်လှယ်ထန်း အား ပြည်သူ့တို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးအောင်ကိုမင်း အား ယင်းကော်မတီ၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်ပေးအပ်ခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ အတွင်းရေးမှူး ဦးဇုန်လှယ်ထန်း အား ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးကော်မတီအဖွဲ့တွင် အဖွဲ့ဝင် ဗိုလ်မှူးအောင်ကိုမင်း အား ယင်းကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းကို အမျိုးသား လွှတ်တော် သို့ တင်ပြထားပါတယ်။

အမျိုးသားလွှတ်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီတွင် ဗိုလ်မှူးအောင်ကိုမင်း အား အတွင်းရေးမှူး အဖြစ် လည်းကောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင် ဦးဇုန်လှယ်ထန်း အား အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ချရေး ကော်မတီတွင် ဗိုလ်မှူးအောင်ကိုမင်း အား အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင် ဦးဇုန်လှယ်ထန်း အား အဖွဲ့ဝင် အဖြစ်လည်းကောင်း တာဝန် ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌသို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြားတင်သွင်း မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဒေါက်တာမြတ်ဉာဏစိုး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများနဲ့ ယနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်က မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို ဇူလိုင်လ ၂၈ ရက်နေ့မှာ ပြင်ဆင်ချက်တွေနဲ့ သဘောတူညီပြီးတော့ အမျိုးသားလွှတ်တော်ကို ဆွေးနွေးဖို့ ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီကမြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းအပေါ် ပြန်လည် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကျွန်တော်တို့ နိုဝင်ဘာလ ၂၆ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ အဲဒီ နေ့ရက်မှာပဲ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ပါမောက္ခ ဒေါက်တာမြဦး က ထပ်မံပြီး အကြံပြုဆွေးနွေးခဲ့ပါတယ်။ အဲဒီအကြံပြုဆွေးနွေးချက်တွေ အပေါ်မှာ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး တော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပါမောက္ခဒေါက်တာမြဦး နဲ့အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဆောင်တဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ကျွန်တော်တို့ ဇန်နဝါရီလ ၁၃ ရက်နေ့မှာ တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်။

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း ကို ပြန်လည်ပြီးတော့ လေ့လာစိစစ်တဲ့အခါမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်။ ပထမဦးဆုံး အချက်ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုထားခဲ့တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ) မှာ ဖော်ပြထားတဲ့ "ဆေးပညာကို ခေတ်စနစ်နှင့်အညီ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရေးအတွက် ညွှန်ကြားကြပ်မတ်ပေးရန် " ဆိုတဲ့ စကားရပ် ဖြစ်ပါတယ်။ ဒီဟာ ရည်ရွယ်ချက် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဓိပ္ပာယ် ပိုမိုရှင်းလင်းတိကျစေရန်အတွက် "ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်စေရန်" ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်ဖို့ သဘောတူညီခဲ့ပါတယ်။ ဒီရည်ရွယ်ချက်အခန်းမှာပဲ ပါတဲ့ အပိုဒ်(ဇ)မှာတော့ "ကောင်းမွန်သော ဆေးကုသမှု ပတ်ဝန်းကျင် ဖြစ်ထွန်းစေရေးအတွက် မှတ်ပုံတင်ဆရာဝန်များအား ပံ့ပိုးကြပ်မတ်ရန်" ဆိုတဲ့ စကားရပ် ကိုလည်း အရေးအသား ကျစ်လျစ်တိကျမှုရှိစေရန်အတွက် "ကောင်းမွန်သော ဆေးကုသမှု ပတ်ဝန်းကျင် ဖြစ်ထွန်းစေရန်" ဆိုတဲ့ စကားရပ်နဲ့ အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ရည်ရွယ်ချက် (၂)ချက်ဖြစ်တဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဆ) နှင့် အပိုဒ်ခွဲ(ဈ) တို့ကတော့ နောက်က ကျွန်တော်တို့ ကောင်စီရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေမှာလည်း ပါဝင်ပြီးဖြစ်တဲ့ အတွက်ကြောင့်မို့လို့ မလိုအပ်သဖြင့် ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒုတိယအချက်

အနေနဲ့ကတော့ လက်တွေ့ဆောင်ရွက်ရာမှာ ပိုမိုပြည့်စုံမှုရှိစေနိုင်ဖို့အတွက် အပိုဒ် ၁၂၊ အပိုဒ်ခွဲ(ဌ)အဖြစ် အောက်ပါအချက်ကို အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ “၁၂။(ဌ)ကောင်စီ၏ အစည်းအဝေးများတွင် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဝါရင့် ပါမောက္ခများကို လိုအပ်ပါက ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်း” ဖြစ်ပါတယ်။ တတိယအချက်ကတော့ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့ ဥပဒေကြမ်းအပိုဒ် ၃၉ မှာ ဖော်ပြထားတဲ့ စကားရပ်တွေကို အဓိပ္ပာယ်ပိုမို တိကျမှုရှိစေရန်အတွက် “အခြေခံ ဆေးပညာဘွဲ့မရရှိသော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့တစ်ခုခုရရှိပြီး သက်ဆိုင်ရာ ပညာရပ်အလိုက် ကုသမှု ဆောင်ရွက်လိုသူသည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင်ကို သတ်မှတ်ချက် များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်” လို့ အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီ၏ သဘောထားမှတ်ချက်ကို တင်ပြ ပါမယ်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ပါမောက္ခဒေါက်တာ ဦးမြဦး နဲ့အတူ ကျန်းမာရေးဝန်ကြီး ဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်တဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးတော့ ပြန်လည် ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါတဲ့အတွက်ကြောင့်မို့လို့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် လေးစားစွာ အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေ ကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂ (ဈ)(၁)(၂)(ည)(ဌ)(ဍ)

၂။ (ဈ) အထွေထွေဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ -

(၁) ကောင်စီကအသိအမှတ်ပြုထားသော ပြည်တွင်း ဆေးတက္ကသိုလ်တစ်ခုခုမှ အခြေခံဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသော အလုပ်သင်ကာလ ပြီးဆုံးသည့် နိုင်ငံသားမှတ်ပုံတင် ဆရာဝန် အား သတ်မှတ်ချက်များနှင့်အညီကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(၂) ကောင်စီ၏ အသိမှတ်ပြုခြင်းခံရသည့် ပြည်ပဆေးတက္ကသိုလ်တစ်ခုခုမှဖြစ်စေ၊ ဆေးကောလိပ် တစ်ခုခုမှဖြစ်စေ၊ အခြေခံဆေးပညာဘွဲ့ ရရှိပြီး သတ်မှတ်ထား

သော အလုပ်သင်ကာလ ပြီးဆုံးသည့် နိုင်ငံသားဆရာဝန်အား ဆေးကုသခွင့်လိုင်စင် စာမေးပွဲအောင်မြင်ပြီးနောက် ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ည) အထူးဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြု ထားသော ပြည်တွင်းဆေးတက္ကသိုလ် တစ်ခုခုမှ အပ်နှင်းထားသော သို့မဟုတ် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး အထွေထွေ အထူးဆေးကုသမှုကို ဖြစ်စေ၊ အထူးပြုအထူးကု ဆေးကုသမှုကို ဖြစ်စေ၊ အရည်အချင်းပြည့်မီ၍ အတွေ့အကြုံနှင့်ကျွမ်းကျင်မှုရှိသည် ဟု သတ်မှတ်ခြင်း ခံရသော မှတ်ပုံတင်ဆရာဝန်အား ကောင်စီက ထုတ်ပေးသည့် ဆေးကုသခွင့်လိုင်စင်ကိုဆိုသည်။

( ဋ ) ကန့်သတ်အထူးဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ ကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီက အသိအမှတ်ပြုသော ဘွဲ့လွန်ဒီဂရီ သို့မဟုတ် ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီသည့် နိုင်ငံခြားသား ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

( ဌ ) ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်လိုင်စင် ဆိုသည်မှာ အခြေခံဆေးပညာဘွဲ့ မရရှိသော်လည်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ တစ်ခုခုရရှိပြီး ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် ကောင်စီကဲ့သို့ အလားတူကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကဖြစ်စေ၊ ကောင်စီကဖြစ်စေ၊ သက်ဆိုင်ရာ ပညာရပ်အလိုက် ကုသမှုတစ်ခုခုကို ဆောင်ရွက်နိုင်သည် ဟု အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်အား ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အခြေအနေအရ လိုအပ်သည်ဟု ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ထုတ်ပေးသော လိုင်စင်ကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၂ (ဈ)(၁)(၂) (ည)(ဋ)(ဌ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (ဈ)(၁)(၂)(ည)(ဌ)(ဍ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃(ဂ)(ဆ)

၃။ (ဂ) ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်စေရန်၊

(ဆ) ကောင်းမွန်သော ဆေးကုသမှု ပတ်ဝန်းကျင်ဖြစ်ထွန်းစေရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၃(ဂ)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(ဂ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆(က)(၃)(၆)(၇)(၁၀)(၁၂)(၁၃)(၁၄) အပိုဒ် ၆(ခ)၊ အပိုဒ် ၇

၄။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစား ဆေးပညာရှင်နှစ်ဦး ပါဝင်သည့် နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၆။ (က) နာယကအဖွဲ့သည် ကောင်စီကို ၆၅ ဦးထက်မပိုသော အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း ရမည်-

( ၃ ) ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန

( ၆ ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ကာကွယ်ရေးဝန်ကြီးဌာန

( ၇ ) တစ်ဆယ်ဦးထက်မပိုသော ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်ပါမောက္ခချုပ်များ

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများ

(၁၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှု ရှိသော အငြိမ်းစား ဆရာဝန်ကြီး ခုနှစ်ဦး၊

(၁၃) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မှတ်ပုံတင်ဆရာဝန်များက ရွေးချယ်တင်မြှောက်သော နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် မှတ်ပုံတင် ဆရာဝန်တစ်ဦးစီ ၊

(၁၄) အများပြည်သူကယုံကြည်လေးစားသောဆရာဝန်မဟုတ်သည့်ပုဂ္ဂိုလ်ငါးဦး ဟု ပြင်ဆင်ထားပါတယ်။

၆။ (ခ) နာယကအဖွဲ့သည် လိုအပ်ပါက ကောင်စီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

၇။ နာယကအဖွဲ့သည် ကောင်စီဝင်များအနက်မှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူးတစ်ဦးနှင့် ဘဏ္ဍာရေးမှူးတစ်ဦးတို့ကို ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆(က)(၃)(၆)(၇)(၁၀)(၁၂)(၁၃)(၁၄)အပိုဒ် ၆(ခ)၊ အပိုဒ် ၇ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆(က)(၃)(၆)(၇)(၁၀)(၁၂)(၁၃)(၁၄)အပိုဒ်၆(ခ)၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၁၂(စ)(ည)(ဋ)(ဌ)၊ အပိုဒ် ၁၄

၁၂။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(စ) ဆေးပညာသင်ကြားမှု အဆင့်အတန်း မြင့်မားစေရေးနှင့် အရည်အသွေး ပြည့်ဝသော ဆေးပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ်များ သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ည) ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစေရန် ကြီးကြပ်ကွပ်ကဲခြင်းနှင့် လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့် တင်ပြချက်များကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(ဋ) ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း၊ ဆေးရုံ၊ ဆေးပေးခန်းများတွင် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ သုံးစွဲခြင်း၊ သုတေသနပြုခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများအား ညှိနှိုင်းဆွေးနွေးခြင်း၊ အကြံပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ဌ) ကောင်စီ၏ အစည်းအဝေးများတွင် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဝါရင့်ပါမောက္ခများကို လိုအပ်ပါက ဖိတ်ကြား၍ အကြံဉာဏ်တောင်းခံခြင်း ဟု ဖြည့်စွက်ထားပါတယ်။

၁၄။ ကောင်စီသည် ဤဥပဒေပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင်အဖွဲ့သို့ လွှဲအပ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်အပိုဒ် ၁၂(စ)(ည) (ဋ)(ဌ)၊ အပိုဒ် ၁၄ ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ (စ)(ည)(ဋ)(ဌ)၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၅

၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇(က)

၁၇။ အစည်းအဝေးများကိုအောက်ပါအတိုင်း ကျင်းပဆောင်ရွက်ရမည် -

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို သုံးလလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူး အစည်းအဝေးကျင်းပခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(က)သည်ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၁၉(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၂၀

၁၉။ ကောင်စီသည်ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်း၍ ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးရမည် -

(က) ရုံးအဖွဲ့မှူးတစ်ဦးနှင့် ဒုတိယရုံးအဖွဲ့မှူးတစ်ဦး

(ခ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာနနှင့် ငွေစာရင်းဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူး တစ်ဦးစီ

(ဂ) အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် ဆရာဝန် လက်ထောက်ရုံးအဖွဲ့မှူး တစ်ဦးစီ

(ဃ) အထက်ပုဒ်မခွဲများပါ ဌာနများအတွက် သတ်မှတ်ထားသော ဖွဲ့စည်းပုံနှင့်အညီ လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

၂၀။ ကောင်စီသည် ပုဒ်မ ၁၉ ပါ ရုံးအဖွဲ့၏ ဌာနများကို လိုအပ်ချက်နှင့်အညီ ပြင်ဆင် ဖွဲ့စည်းနိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉(က)(ခ) (ဂ)(ဃ)၊ အပိုဒ် ၂၀ ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉(က) (ခ)(ဂ)(ဃ)၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂၂(က)(ခ)(ဂ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆

၂၂။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါ ရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်း တိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားစရိတ်များမှ ကောက်ခံရရှိ ငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့်ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှတရားဝင်တိုးပွားငွေများဟု ဖြည့်စွက်ထားပါတယ်။

၂၃။ ကောင်စီသည် ပြည်တွင်း၊ ပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များ လှူဒါန်းသော ပစ္စည်းများနှင့် အခြားအကူအညီ များကို လက်ခံနိုင်သည့်အပြင် တည်ဆဲ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားဝင် စီမံခန့်ခွဲပိုင်ခွင့် ရှိသည်။

၂၅။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

၂၆။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှု မရှိပါက ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရ အဖွဲ့၏

ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲ နိုင်ရန်အတွက် တင်ပြတောင်းခံနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂(က)(ခ)(ဂ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂(က) (ခ)(ဂ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂၇(ဂ)၊ အပိုဒ် ၂၉(ဂ)

၂၇။ (ဂ) ကောင်စီက အသိအမှတ်ပြုထားခြင်းမရှိသည့် ပြည်ပ ဆေးတက္ကသိုလ်တစ်ခုခုက ဖြစ်စေ၊ ဆေးကောလိပ် တစ်ခုခုကဖြစ်စေ အခြေခံဆေးပညာဘွဲ့ ရရှိပြီး ကောင်စီက ကျင်းပ ပြုလုပ်သော ဆေးကုသခွင့် လိုင်စင် စာမေးပွဲကို အောင်မြင်သည့် ဆေးကုသခွင့် လိုင်စင်ရရှိပြီးသူ။

၂၉။ (ဂ) ဆရာဝန်တစ်ဦး၏ကျင့်ဝတ်သိက္ခာ ပျက်ကွက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇(ဂ)၊ အပိုဒ် ၂၉(ဂ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၇(ဂ)၊ အပိုဒ် ၂၉(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄(ခ)(ဂ)(ဆ)

၃၃။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)အရ လျှောက်ထားသည့် လျှောက်လွှာကို လိုအပ်ပါက စိစစ်ပြီး အရည်အချင်းပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေလျက် အထွေထွေဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးနိုင်သည်။ အရည်အချင်း မပြည့်မီပါက လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၃၅။ ကောင်စီသည် ပုဒ်မ ၃၄ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန်ကာလ များကို ကန့်သတ်လျက် ကန့်သတ်အထွေထွေ ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၇။ ကောင်စီသည် ပုဒ်မ ၃၆ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြား သတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ အထူးဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၉။ ကောင်စီသည် ပုဒ်မ ၃၈ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာဘာသာရပ် အမျိုးအစား၊ ကုသခွင့်ရှိသော နေရာ၊ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်အထူး ဆေးကုသခွင့် လိုင်စင်ကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၀။ အခြေခံဆေးပညာဘွဲ့မရရှိသော်လည်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဘွဲ့ တစ်ခုခုရရှိပြီး သက်ဆိုင်ရာ ပညာရပ်အလိုက် ကုသမှုဆောင်ရွက်လိုသူသည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင် လိုင်စင်ကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

၄၁။ ကောင်စီသည် ပုဒ်မ ၄၀ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုအပ်ပါက အရည်အချင်း စစ်ဆေးရန်၊ အရည်အချင်း ပြည့်မီလျှင် လိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသော အခကြေးငွေများ ပေးသွင်းစေလျက် ကုသခွင့်ရှိသည့် ပညာရပ်ဆိုင်ရာ နယ်ပယ်သတ်မှတ်၍ ဆေးဘက် ဆိုင်ရာ ကျွမ်းကျင်လိုင်စင်ကို ထုတ်ပေးနိုင်သည်။ အရည်အချင်း မပြည့်မီပါက လိုင်စင်ကိုထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

၄၂။ ဆေးကုသခွင့်လိုင်စင် ရရှိသူသည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် မိမိ၏ ဆေးကုသ သည့် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုပါက သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်း မကုန်ဆုံးမီ သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ လျှောက်ထားဆဲ ကာလအတွင်း ယင်း၏ ဆေးကုသမှု လုပ်ငန်းများသည် တရားဝင် ဆောင်ရွက်ခြင်းဟု မှတ်ယူရမည်။

၄၃။ ကောင်စီသည် ပုဒ်မ ၄၂ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထား သည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၄။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန် တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါ အချက် တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည် -

(ခ) စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ကိုယ်အင်္ဂါ ကျန်းမာ ကြံ့ခိုင်မှု မရှိခြင်းကြောင့် ဆရာဝန် တစ်ဦး၏ လုပ်ငန်း တာဝန်များကို ဆောင်ရွက် နိုင်စွမ်းမရှိခြင်း၊

(ဂ) ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ပေါ့လျော့စွာ ဆောင်ရွက်ခြင်း၊

(ဆ) ကောင်စီက အသိအမှတ် မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ် များကို မိမိ၏ အမည်နှင့် ယှဉ်တွဲ၍ ဖော်ပြခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄(ခ)(ဂ)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄(ခ)(ဂ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄၅(က)

၄၅။ မှတ်ပုံတင်ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ ဆရာဝန်များသည် -

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၅(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၅(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၄၉၊ အပိုဒ် ၅၀ ခြေဆင်း၊ အပိုဒ် ၅၁၊ အပိုဒ် ၅၃

၄၉။ ပုဒ်မ ၄၈ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးပြီး သုံးသပ်ချက်၊ အကြံပြုချက်တို့နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

၅၀။ ကောင်စီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီးတွေ့ရှိချက်များအရ အောက်ပါ အရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်သည် -

၅၁။ အလုပ်အမှုဆောင်အဖွဲ့က ပုဒ်မ ၂၈၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၃၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၇၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၁၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ သို့မဟုတ် ပုဒ်မ ၅၀ အရ ပြုလုပ်သည့် ဆောင်ရွက်မှုတစ်ခုခုကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း၉၀အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၅၃။ မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ ဆေးကုသခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၉၊ အပိုဒ် ၅၀ ခြေဆင်း၊ အပိုဒ် ၅၁၊ အပိုဒ် ၅၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၉၊ အပိုဒ် ၅၀ ခြေဆင်း၊ အပိုဒ် ၅၁၊ အပိုဒ် ၅၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၅၄ ခြေဆင်း၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈

၅၄။ ဆေးကုသခွင့် လိုင်စင်ရသူ မည်သူမျှ -

၅၅။ ဆေးကုသခွင့်လိုင်စင်ရသူ မည်သူမျှ ကောင်စီက အသိအမှတ်မပြုသော ဘွဲ့၊ ဒီဂရီ၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များကို မိမိ၏ အမည်နှင့် ယှဉ်တွဲ၍ ဖော်ပြခြင်း မပြုရ။

၅၆။ မည်သူမဆို ပုဒ်မ ၅၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၇။ ဆေးကုသခွင့် လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

၅၈။ ဆေးကုသခွင့် လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၄ ခြေဆင်း၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၄ ခြေဆင်း၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၃၊ အပိုဒ် ၆၅ (က) (ခ)

၆၀။ ဆေးကုသခွင့် လိုင်စင်ရသူ တစ်ဦးဦးသည် လူနာအကျိုးအတွက် ၎င်း၏ သဘောတူညီချက် ဖြင့် ဆေးပညာရပ်ဆိုင်ရာ ထိုက်သင့်သော သတိပြုခြင်းဖြင့် ဆုံးဖြတ်၍ ဆရာဝန်ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ခဲ့လျှင် ယင်းဆောင်ရွက်ချက်ကို ပေါ့ဆစွာဆောင်ရွက်သည်ဟု မမှတ်ယူရ။

၆၁။ ဤဥပဒေပါ ပြစ်မှုများအတွက် တရားစွဲဆိုရာတွင် မှတ်ပုံတင်ဆရာဝန်ဖြစ်ပါက ကောင်စီ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၆၃။ ကောင်စီသည် မြန်မာနိုင်ငံဆေးကောင်စီဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ် ၁/၂၀၀၀) အရ ဖွဲ့စည်းထားသော ကောင်စီပိုင် ရန်ပုံငွေများကို လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲ လုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန် တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

၆၅။ (က) ကောင်စီသည်လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက်အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၃၊ အပိုဒ် ၆၅(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၀၊ အပိုဒ် ၆၁၊ အပိုဒ် ၆၃၊ အပိုဒ် ၆၅(က)(ခ) သည်ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏

အခန်း(၂)၊ အပိုဒ် ၃(ဆ)(ဈ)၊

အခန်း(၃)၊ အပိုဒ် ၄(ခ)၊ အပိုဒ် ၆(ဋ)၊ အပိုဒ် ၉(ဂ)၊

အခန်း(၄)၊ အပိုဒ် ၁၂(ဌ)၊

အခန်း(၇)၊ အပိုဒ် ၁၈၊

အခန်း(၁၅)၊ အပိုဒ် ၅၃၊ အပိုဒ် ၅၇ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် မူလဥပဒေကြမ်း ၏ အပိုဒ် ၂(ဆ)၊ အပိုဒ် ၉(ခ)၊ အပိုဒ် ၁၂(ည)၊ အပိုဒ် ၁၃(က)(၄)၊ အပိုဒ် ၁၅(စ)၊ အပိုဒ် ၂၆(ဂ)၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားသည့် -

အခန်း(၁)၊ အပိုဒ် ၂(က)(ဂ)(ဃ)(ဇ)(ဋ)၊

အခန်း(၂)၊ အပိုဒ် ၃(က)(ခ)(ဃ)(င)(စ)၊

အခန်း(၃)၊ အပိုဒ် ၆(က)(၁)(၂)(၄)(၅)(၈)(၉)(၁၁)၊ အပိုဒ် ၈(ခ)၊ အပိုဒ် ၉(က)(ခ)၊ အပိုဒ် ၁၀၊

အခန်း(၄)၊ အပိုဒ် ၁၂(ဆ)(ဈ)၊အပိုဒ် ၁၃(က)(၃)(၆)(၇)(ဂ)(င)(စ)၊

အခန်း(၅)၊ အပိုဒ် ၁၅(က)(ခ)(ဂ)၊ အပိုဒ် ၁၆၊

အခန်း(၆)၊ အပိုဒ် ၁၇(ခ)၊

အခန်း(၉) အပိုဒ် ၂၁၊

အခန်း(၁၅)၊ အပိုဒ် ၅၄(က)(ခ)၊

အခန်း(၁၆)၊အပိုဒ် ၅၉၊ အပိုဒ် ၆၂၊ အပိုဒ် ၆၄၊ အပိုဒ် ၆၆ နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁၀)၊ အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉(က)(ခ)၊

အခန်း(၁၁)၊ အပိုဒ် ၃၀၊ ၃၁၊

အခန်း(၁၂)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၈၊ အပိုဒ် ၄၄(ဃ)(စ)၊

အခန်း(၁၃)၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊

အခန်း(၁၄)၊အပိုဒ် ၄၈၊ အပိုဒ် ၅၀(က)(ခ)(ဂ)(ဃ) တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို နေ့လယ်စာ သုံးဆောင်ဖို့ (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို၁၂း၀၉နာရီအချိန်တွင် ခေတ္တရပ်နားပြီး၁၃း၀၉နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၉။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်း ခွင့်ပန်ကြားမှုများကို တင်ပြပါမယ်။

ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း၊ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဆေးစစ်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်း

အစည်းအဝေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ် အောင်ဆန်းချစ်၊ တပ်မတော်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ၎င်းအတိုင်း။ ဦးနု၊ ရန်ကုန်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်း(၆)၊ ၎င်းအတိုင်း။ ဦးအောင်မြင့်သိန်း၊ ကရင်(၉) ၎င်းအတိုင်း ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ နေ့လယ်ပိုင်းခွင့်များအပေါ် ခွင့်ပြုဖို့လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က ပြင်ဆင်ထားတဲ့ အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည်၍ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င)

၂။ မြေသြဇာဥပဒေတွင်-

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဂ) နှင့် ပုဒ်မ ၄၂ တို့တွင်ပါရှိသော“မန်နေဂျာ” ဆိုသည့် စကားရပ်ကို “ဦးစီးမှူး” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

( ခ ) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဏ)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဂ)၊ အခန်း(၇)ခေါင်းစဉ်၊ ပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၃ တို့တွင်ပါရှိသော “စစ်ဆေးရေးမှူး” ဆိုသည့် စကားရပ်ကို “စစ်ဆေးရေးအဖွဲ့” ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

( ဂ ) ပုဒ်မ ၂၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မခွဲ(ဏ)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ (င)၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ (ဂ)၊ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၈၊ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄၊ ပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ(ခ) တို့တွင် ပါရှိသော“မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း” ဆိုသည့် စကားရပ်ကို “စိုက်ပျိုးရေးဦးစီးဌာန” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုး ရမည်။

(ဃ) ပုဒ်မ ၄၊ ပုဒ်မခွဲ(က)တွင်ပါရှိသော “ဦးဆောင်ညွှန်ကြားရေးမှူး” ဆိုသည့် စကားရပ်ကို “ညွှန်ကြားရေးမှူးချုပ်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( င ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ) တို့တွင်ပါရှိသော “ပြည်နယ်၊ တိုင်းမန်နေဂျာ” ဆိုသည့် စကားရပ်ကို “တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူး” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅

၃။ မြေသြဇာဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(င) ကို အောက်ပါအတိုင်းအစားထိုးရမည် -

( ခ ) ပုဒ်မခွဲ(ဍ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

( ဂ ) ပုဒ်မခွဲ(ဏ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

၄။ မြေသြဇာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် - ဟု ပြင်ဆင်ထားပါတယ်။

၅။ မြေသြဇာဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် - ဟု ပြင်ဆင်ထားပါတယ်။

၁၆။ မြေသြဇာလုပ်ငန်း လုပ်ကိုင်သူသည် မြေသြဇာ ထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(ဃ) အရည်အသွေး အာမခံချက်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈

၆။ မြေသြဇာ ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၇။ မြေသြဇာဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

၈။ မြေသြဇာဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

၂၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေပါ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် -

(က) တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချရေးတာဝန်ခံ | အဖွဲ့ခေါင်းဆောင် |
| (၂) | တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်း(၂)ဦး | အဖွဲ့ဝင်များ |

(ခ) ခရိုင်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

| | | |
|---|---|---|
| (၁) | ခရိုင် မြေအသုံးချရေး တာဝန်ခံ | အဖွဲ့ခေါင်းဆောင် |
| (၂) | ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သောဝန်ထမ်း(၂)ဦး | အဖွဲ့ဝင်များ |

(ဂ) မြို့နယ်အဆင့် စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေး အပ်နိုင်သည်။

| | | |
|---|---|---|
| (၁) | မြို့နယ်ဦးစီးမှူး | အဖွဲ့ခေါင်းဆောင် |
| (၂) | မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်း(၂) ဦး | အဖွဲ့ဝင်များ |

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁

၉။ မြေသြဇာဥပဒေ ပုဒ်မ ၂၃ တွင် -

(က) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

(ခ) ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၀။ မြေသြဇာဥပဒေပုဒ်မ ၂၆ တွင် -

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်းအစားထိုးရမည် -

၁၁။ မြေသြဇာဥပဒေ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် - ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ သည်ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၂

၁၂။ မြေသြဇာ ဥပဒေပုဒ်မ ၃၂ တွင်ပါရှိသော ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း ဆိုသည့်စကားရပ်ကို ပယ်ဖျက်မည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အပိုဒ် ၁ နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့်

အပိုဒ် ၃(က)၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)(ဍ)(ဏ)၊

အပိုဒ် ၄၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)

အပိုဒ် ၅၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)(ခ)(ဂ)(င)(စ)(ဆ)

အပိုဒ် ၆၊ ပုဒ်မ ၁၇၊

အပိုဒ် ၇၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)၊

အပိုဒ် ၉၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)(ဃ)၊

အပိုဒ် ၁၀၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)(ခ)၊

အပိုဒ် ၁၁၊ ပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)တို့ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်း ကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၁၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၆။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မြေသြဇာဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၂ ခုနှစ်တွင် ဥပဒေအမှတ်၊ ၇/၂၀၀၂ အရ အောက်ပါရည်ရွယ်ချက်များနဲ့ ပြဋ္ဌာန်းခဲ့ပါတယ်။

နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊ မြေသြဇာလုပ်ငန်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းနိုင်ရန်၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊ သင့်လျော်သော မြေသြဇာများကို သုံးစွဲခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊ မြေသြဇာကို စိုက်ပျိုးသူများ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနဲ့ သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် မြေသြဇာလုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များနဲ့ ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။

ပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေးနှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကသွင်းအားစုဖြစ်တဲ့ မြေသြဇာကို ပုဂ္ဂလိကလုပ်ငန်းရှင်များက တင်သွင်း ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါတယ်။ ယခုအခါ အဆိုပါဥပဒေကို ခေတ်စနစ်နဲ့ လျော်ညီစွာဖြစ်စေရေးအတွက် ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိရာ ပြင်ဆင်ရေးဆွဲသင့်သော ဥပဒေများတွင် မြေသြဇာဥပဒေမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြင်ဆင်ရေးဆွဲထားသည့် မြေသြဇာဥပဒေမူကြမ်းကို အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီနဲ့ ဆွေးနွေးညှိနှိုင်း ပြုလုပ်လျက် ဆောင်ရွက်ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်ကြီးမှ ဤဥပဒေကြမ်းအား အတည်ပြု ပေးနိုင်ပါရန် အဆိုပြု တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၂၈။**

**ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး က မြေသြဇာဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်ကို အဆိုတင်သွင်းခြင်းကိုပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ကျွန်တော် ဦးထွန်းဇော် က ထောက်ခံပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေသြဇာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင်မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၃း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၉။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အရိုအသေပေးအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးတင်ပြတဲ့နေရာမှာ ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်းပြီးတော့ ဦးစားပေး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒသမအကြိမ် ပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းဟာ(၂၄၄)ခု ရှိတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီကြယ်ပွင့်ပြမေးခွန်းများကို စိစစ်တဲ့အခါမှာ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိတဲ့ လိုအပ်ချက်များကို အဓိကထားပြီးတော့ မေးမြန်းသွားတာကို တွေ့ရပါလိမ့်မယ်။ ဒါ ဘာကြောင့်လဲဆိုရင် ဒီကနေ့ နိုင်ငံသူ၊ နိုင်ငံသားများဟာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ရေးပျိုးရေးမှာ အများကြီး လိုအပ်နေတယ်။ နိုင်ငံတော်အနေနဲ့ အများကြီး ဖြည့်ဆည်းပေးဖို့ လိုအပ်တယ်ဆိုတာကို ပြဆိုခြင်း ဖြစ်ပါတယ်။

နိုင်ငံသူနဲ့ နိုင်ငံသားများရဲ့အကျိုးကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့နေရာမှာ ဖြေကြားတာ အများဆုံးကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ဖြစ်ပါတယ်။ သို့သော်လည်းပဲ မေးခွန်းအနည်းအကျဉ်းကတော့ဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့က ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိဒေသမှာရှိတဲ့ လိုအပ်ချက်များကို မေးမြန်းတဲ့အခါမှာ ပြည်ထောင်စု အစိုးရအဖွဲ့ကို မေးမြန်းတာကတော့ အများစုဖြစ်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းတဲ့ အနည်းစုမေးခွန်းတွေဟာ ကျွန်တော့်အနေနဲ့ဆိုရင် ဒါဟာ Direct မေးမြန်းဖို့ သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒီ တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရအဖွဲ့ရဲ့ မေးခွန်းတွေကို နိုင်ငံတော် သမ္မတရုံးက တာဝန်ရှိပုဂ္ဂိုလ်။ ဥပမာ - ဒုတိယဝန်ကြီးတွေ၊ သမ္မတရုံးရဲ့ ပြည်ထောင်စုဝန်ကြီးတွေ လာဖြေတာ ကျွန်တော် တွေ့နေရပါတယ်။ ဒါဟာ ဘာလဲဆိုရင် တစ်ဆင့်ခံ မေးမြန်းခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကလည်း ကျွန်တော်တို့ကို လွှတ်တော်ကိုယ်စားလှယ်တွေကို ပြောပါတယ်။ ပြည်နယ်အစိုးရအဖွဲ့နဲ့ဆိုင်တဲ့ မေးခွန်းတွေကို သူ့ကို Direct မေးမြန်းတင်ပြပါ။ ကျွန်တော်တို့ ဒီလို Indirect နည်းနဲ့မေးမြန်းတာဟာဆိုရင်ဖြင့် ဒါဟာ လျင်မြန်ချောမောတဲ့၊ လျင်မြန်လွယ်ကူတဲ့ မေးခွန်းမျိုး မဟုတ်ဘူးလို့ မှာကြားဖူးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကလည်း ဒေသဆိုင်ရာ မေးခွန်းတွေကို မေးတာ နည်းပါးနေခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မေးခွန်းတွေ မေးနေ၊ ဖြေနေတဲ့နေရာမှာ ကျွန်တော်တို့ လွှတ်တော်ကို ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီး သို့မဟုတ် ဒုဝန်ကြီးတွေ လာဖြေတာတွေ့ရပါတယ်။ အဲဒီဖြေတဲ့ နေရာမှာ ဒုတိယဝန်ကြီးများ လာဖြေတဲ့အခါမှာ မိမိရဲ့ သူရဲ့ ပြည်ထောင်စုဝန်ကြီးတွေ ပြည်ပခရီးသွားနေလို့၊ ပြည်တွင်းခရီးသွားနေလို့ စသည်ဖြင့် အကျိုးအကြောင်း ဖော်ပြပြီးတော့ ဝန်ကြီးရဲ့ကိုယ်စား၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား လာရောက်ဖြေဆိုတယ်ဆိုတာကို ရှေးဦးစွာ အရင်ဦးပိုင်းက ကျွန်တော်တို့ကြားခဲ့ရပါတယ်။ နောက်ပိုင်းကျရင်လည်း ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဒုတိယဝန်ကြီး ဖြစ်သူ မိမိဘယ်သူက လာရောက်ဖြေဆိုခြင်းဖြစ်တယ်လို့ ဒီကနေ့မှာလည်း မေးခွန်းတော်တော်များများမှာ ဒီလိုပဲပြောသွား ပါတယ်။

ဒါကို ကျွန်တော် ဘာကြောင့် ဖော်ညွှန်းနေသလဲဆိုရင် ကျွန်တော်တို့လွှတ်တော်က မေးမြန်းတဲ့ မေးခွန်းတွေကို အဓိက တာဝန်ရှိစွာ လာရောက်ဖြေကြားဖို့ ပုဂ္ဂိုလ်ဟာဖြင့် ပြည်ထောင်စုဝန်ကြီးအဆင့် ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလွှတ်တော် အစီအစဉ် ကျင်းပနေစဉ် အစ/အဆုံး ကျွန်တော်တို့လွှတ်တော် Channel ကနေပြီးတော့ ကြည့်နေတဲ့ ပြည်သူ အများအပြားရှိပါတယ်။ စိတ်ဝင်တစားလည်း ကြည့်နေကြပါတယ်။ ကျွန်တော့်ကို ပြည်သူ တစ်ယောက်က မေးပါတယ်။ ဘယ်ဝန်ကြီးဌာနကဖြင့် ဦးဆုံး တို့ အမျိုးသားလွှတ်တော်မှာ လာပြီးတော့ ဖြေကြားတာ တစ်ခါမှ မတွေ့ဖူးရဘူးလို့ ပြောဘူးပါတယ်။ ကျွန်တော်လည်းပဲ ဟုတ်ပါတယ်။ ကျွန်တော်လည်း မတွေ့ဘူးပါဘူး။ ဒီလောက်ပဲ ကျွန်တော် ပြောနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော် သက်တမ်းက ပြီးဆုံးခါနီးမှ အခုလိုပြောရတာဖြင့် ပြည်သူကလည်း ပြောသွားတာ မကြာသေးလို့ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်ထောင်စုဝန်ကြီးများက အလုပ်တာဝန်များပြားတယ်ဆိုတာ ကျွန်တော်လည်း နားလည်ပါတယ်။ သဘောလည်း ပေါက်ပါတယ်။ သို့သော်လည်းပဲ ဒီလွှတ်တော်ကို လာပြီးတော့ အလျဉ်းသင့်သလို လာဖြေခြင်းအားဖြင့် သူ့ရဲ့ဝန်ကြီးဌာနမှာ သူအသိဆုံး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ဘယ်လိုအစီအမံတွေ ဘယ်လိုဆောင်ရွက်နေပါတယ်ဆိုတာ တစ်လက်စတည်း

ဒီကနေပြီးတော့ ပြောကြားသွားနိုင်ပါတယ်။ ဒါကြောင့် ဒီအခွင့်အရေးကိုလည်း ပြည်ထောင်စုဝန်ကြီးများ အသုံးချပေးပါလို့ ဒီနေရာကနေပြီးတော့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော် ဒီအစီရင်ခံစာကို ဖတ်ကြည့်တဲ့ နေရာမှာ ကျွန်တော်တို့ အစီရင်ခံစာရဲ့ စာမျက်နှာ(၂)မှာ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြ မေးခွန်း(၇၉၆)ခုအနက် ဆောင်ရွက်ပြီး လုပ်ငန်း(၇၅၂)ခု နှင့် မပြီးပြတ်သေးသောလုပ်ငန်း (၄၄)ခု ရှိပါတယ်လို့ ဒါကျွန်တော်တို့ ပြောထားပါတယ်။ ဒီစာမျက်နှာ(၃) မှာလည်း Figure နဲ့ ပြထားပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော်ပြောချင်တာ၊ အဓိကထားပြောချင်တာကတော့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့ အခုချိန်ဆိုရင် (၃)နှစ် နီးပါးရှိပါပြီ။ (၆)ရက်ပဲလိုပါတော့တယ်။ အဲဒီမှာ ကျွန်တော် သထုံမြို့ ရှောင်လမ်းနဲ့ ပတ်သက်ပြီးတော့ မြို့ရှောင်လမ်းတစ်ခုဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ ကျွန်တော်မေးမြန်းခဲ့ပါတယ်။ အဲဒီမေးမြန်းတာကလည်း မှတ်တမ်းမှတ်ရာလည်းရှိပါတယ်။ ကျွန်တော်တို့ ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ထုတ်ဝေပေးတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန် အစည်းအဝေးမှတ်တမ်း ပထမတွဲ စာမျက်နှာ(၁၀၃) မှာ ကျွန်တော် မေးမြန်း တင်ပြတဲ့ဟာပါပြီးတော့ အဲဒီအချိန်က ဆောက်လုပ်ရေးပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်ရဲ့ ဖြေကြားချက်ကို စာမျက်နှာ (၁၂၆)မှာ တွေ့ရပါလိမ့်မယ်။ ဒါဘာကြောင့် ပြောလည်းဆိုရင် ဒီ Figure မှာ ကျွန်တော်တို့ တတိယပုံမှန် အစည်းအဝေးမှာ ကတိဖြစ်ခဲ့တာ (၁၄၀)ရှိပြီးတော့ အစိုးရအဖွဲ့ရုံးနှင့်ညှိနှိုင်းရရှိသည့် ပြီးစီးမှု (၁၄၀) လုပ်ငန်းလက်ကျန် မရှိပါဘူး။ ဒီကနေ့အထိ မြို့ရှောင်လမ်းက သထုံမှာ မရှိသေးပါဘူး။ ဖောက်လည်း မဖောက်သေးပါဘူး။ ကျွန်တော် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်တွေ့ဆုံပွဲတွေမှာ တွေ့တဲ့အခါကျရင် ကျွန်တော် အမြဲတမ်း ဒီကိစ္စကို ဆွေးနွေးပါတယ်။

ဒသမအကြိမ် ပုံမှန်အစည်းအဝေး မစခင်ကလည်းပဲ ဝန်ကြီးချုပ်က ကျွန်တော်တို့ကို အစိုးရ အဖွဲ့ အစည်းအဝေးခန်းမမှာ တွေ့တုန်းကလည်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးကို ကျွန်တော် မေးကြည့် ပါတယ်။ ဒီမြို့ရှောင်လမ်းက ရပ်နေတာလား ဆိုတော့ သူက ဆက်သွားနေပါတယ်လို့ ပြောပါတယ်။ ဒီမနက်ပဲ ပြည်နယ်အင်ဂျင်နီယာမှူးကြီးကို ကျွန်တော် ဖုန်းဆက်ကြည့်တော့ မြို့ရှောင်လမ်းက ကျွန်တော်တို့ ဒီမှာ ဦးခင်မောင်မြင့် ဖြေတုန်းကလည်း လမ်းက နှစ်ပိုင်းရှိပါတယ်။ နှစ်မျိုးရွေးထားပါတယ်။ ဒါပြသွားတာပါ။ ပြသွားပြီးတော့ ကျွန်တော်တို့ ပထမလမ်းကြောင်းနဲ့ ဒုတိယလမ်းကြောင်းပေါ့နော်။ အမှတ်(၁)နဲ့ (၂) အဲဒီမှာ အမှတ်(၁)ကို ရွေးထားတယ်လို့ ပြည်နယ် အင်ဂျင်နီယာမှူးကြီးက ပြောတာရှိ ပါတယ်။ ရွေးထားတုန်းပဲရှိသေးတယ်။ အကောင်အထည်ဖော်ဖို့က ကျွန်တော့်မှာ (၃)နှစ် (၃)မိုး စောင့်နေ ရတာ။ ဒီနေ့အထိ မဖြစ်သေးပါဘူး။ ဒီအကျိုး ရလဒ်က ဘာဖြစ်နေသလဲဆိုရင် ဒီသုံးနှစ်သုံးမိုးအတွင်းမှာ မြို့ရှောင်လမ်းမရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ လူဒါဇင်နဲ့ ချီပြီးတော့ မြို့တွင်းမှာ ထိခိုက်မှုနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ ကွယ်လွန် အနိစ္စရောက်သွားတာရှိပါပြီ။

ဒီကျွန်တော်တို့ (၁၁)ကြိမ်မြောက်အစည်းအဝေးနဲ့ (၁၂)ကြိမ်မြောက်အစည်းအဝေး ကြား တစ်လကျော်ကျော်အတွင်းမှာပင် နိုင်ငံသားနှစ်ဦး မြို့တွင်းမှာ လမ်းကျဉ်းတဲ့အတွက်ကြောင့် ကွယ်လွန် အနိစ္စရောက်သွားပါတယ်။ လမ်းပေါ်မှာပဲ ကွယ်လွန်အနိစ္စရောက်သွားပါတယ်။ ဒီတော့က ဘာတွေ့ရ လဲဆိုရင် ဒီမြို့ရှောင်လမ်းဟာ တကယ်လည်း လိုအပ်ပါတယ်။ ကျွန်တော်တို့ အကျဉ်းဆုံးနေရာ ပေ(၂၀)၊ (၂၅)လောက်ပဲ မြို့တွင်းမှာရှိတော့ ဒီကနေ့ ယာဉ်အသွားအလာနဲ့ ဥပမာ - Accident နှစ်ခုလုံးက

ကျွန်တော် ကြည့်တဲ့အခါကျတော့ ကုန်တင်ကားကြီးနဲ့ပဲ ဖြစ်ကြတာ။ ဆိုင်ကယ်နဲ့ ကုန်တင်ကား။ သူတို့ကတော့ လူငယ်ပါပဲ။ သူတို့ကတော့ လူလတ်ပိုင်းပါ။ အဲဒီတော့ ဒီလိုဖြစ်ရတာဖြင့် မြို့ရှောင်လမ်းဖောက်ဖို့ နှောင့်နှေးကြန့်ကြာနေတဲ့အတွက်ကြောင့် ဒါ ဖြစ်ပါတယ်။ ဒီနေရာကနေ ကျွန်တော် တင်ပြတာဖြင့် အစိုးရအဖွဲ့ရုံးနှင့် ညှိနှိုင်းရရှိသည့် ပြီးစီးမှုဆိုတာမျိုးဟာ အစိုးရအဖွဲ့ရုံးက ပြောတာက ကျွန်တော် ကော်မတီကို အပြစ်မတင်ပါဘူး။ ကော်မတီက ကိုယ်တိုင် တွေ့ရ၊ မြင်ရတာ မဟုတ်ပါဘူး။ လုပ်ငန်းတကယ်တော့ မပြီးစီးသေးပါဘူး။

တကယ်ဒီလိုပဲ ကျွန်တော့်လိုပဲမေးခွန်းကတိဖြစ်ပြီးတော့ မပြီးမြောက်တဲ့လုပ်ငန်းများ ရှိကောင်းရှိပါမယ်။ အဲဒီတုန်းက ဦးခင်မောင်မြင့် က ဘာပြောလည်းဆိုရင် ကျွန်တော် အကျဉ်းချုပ်လေး ဖတ်ပြပါမယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ဦးခင်မောင်မြင့် ပြောတာပါ။ သထုံမြို့ရှောင်လမ်းပိုင်းဟာ ဖောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ BOT စနစ်နဲ့ ဆောင်ရွက်လျက်ရှိသော ရွှေသံလွင်ကုမ္ပဏီလိမိတက်မှ ဆောင်ရွက်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရွှေသံလွင်ကုမ္ပဏီနှင့် ညှိနှိုင်းဆွေးနွေးပြီး သက်ဆိုင်ရာဌာနအဆင့်သို့ တင်ပြပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။ သြဘာသံများနဲ့ ဒါ ရေးထားတာရှိပါတယ်။ ဒါ ပြည်ထောင်စုဝန်ကြီးရဲ့ ဖြေကြားချက်ကို ဒီမှာ ကျွန်တော့်တစ်ခုတည်း မဟုတ်ပါဘူး။ အဲဒီနေ့က (၇)ခုတောင် ကျွန်တော်က နောက်ဆုံးပါပဲ။

သူ့ရဲ့ဖြေကြားချက်တွေကို အားရတဲ့အနေနဲ့ ကိုယ်စားလှယ်များက သြဘာသံပေးခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ဒါလေးကို ကျွန်တော်တို့ ဂရုတစိုက်ပေါ့လေ။ ကျွန်တော်တို့ ဒါလေးတွေ ကတိဖြစ်ပြီးတော့ အကောင်အထည် မဖော်နိုင်သေးတာ သုံးနှစ်သုံးမိုး ကျွန်တော့်မှာလည်း ဒါ ချို့ယွင်းအားနည်းချက်တော့ ရှိပါတယ်။ ကော်မတီရဲ့အစီရင်ခံစာ တစ်နေရာမှာ တကယ်လို့ ဒါ ကတိဖြစ်ပြီးတော့ မဆောင်ရွက်နိုင်ခဲ့ရင် နောက်တစ်ခါ ပြန်မေးဖို့ အခွင့်အရေး ရှိပါတယ်။ ရှိလည်း ရှိပါလိမ့်မယ်။ သို့သော်လည်း ကျွန်တော်က မျှော်တလင့်လင့်နဲ့ စောင့်စားရင်းနဲ့ ဒီလိုပဲ ကြာသွားတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီမေးခွန်းတွေကို ကြည့်တဲ့အခါကျရင် ကျွန်တော်တို့ ပြည်သူ့အကျိုး၊ နိုင်ငံသူ/နိုင်ငံသားအကျိုး သို့မဟုတ် သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို မေးပြီးတော့ ဖြေကြားသူ ပုဂ္ဂိုလ်ကလည်း အပြည့်အစုံဖြေကြားတဲ့အခါကျရင် ကျွန်တော်တို့ အမျိုးသားလွှတ်တော် နည်းဥပဒေနဲ့ ဥက္ကဋ္ဌကြီးက သတ်မှတ်ပြီးတော့ နေ့စဥ်ထုတ်သတင်းစာမှာ ဖော်ပြ တာလည်း အလွန်ကောင်းမွန်ပါတယ်။

ဒီလိုမေးတဲ့မေးခွန်းရှင်တွေ ဖြေကြားတဲ့ပုဂ္ဂိုလ်များကိုလည်း ကျွန်တော်ချီးကျူးဂုဏ်ပြုပါတယ်။ ဒီလိုမေးခွန်းများများမေးနိုင်ပါစေလို့လည်းဆုတောင်းပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရရင် ကော်မတီရဲ့အစီရင်ခံစာနိဂုံးပိုင်းအရ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ အနေဖြင့် အမျိုးသားလွှတ်တော်နည်းဥပဒေများ၏ နည်းဥပဒေ ၇၁ ပါပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အမျိုးသားလွှတ်တော်မှ သတ်မှတ်ပေးသည့် ကော်မတီ၏ လုပ်ငန်းတာဝန်များအရလည်းကောင်း၊ တိကျစွာလိုက်နာပြီး ဆက်လက်စိစစ် ဆောင်ရွက်သွားမည်ကို ကျွန်တော့်အနေနဲ့ အလေးအနက် ယုံကြည်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တွေအနေနဲ့ ဒီမှာလာဖြေခွင့်မရှိပါဘူး။ ဥပဒေအရ ဒီလွှတ်တော်မှာ လာဖြေခွင့်ရှိတာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေပဲ ဖြစ်တယ်။ သူတို့နဲ့တိုက်ရိုက်မေးချင်တယ်ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တွေကပဲ သူ့လွှတ်တော်မှာပဲ မေးလို့ရပါတယ်။

**အချိန်၊ ၁၃း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ကော်မတီရဲ့အစီရင်ခံစာ အပိုဒ် ၈ (စ)မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များသည် ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်ဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြန် ဆောင်ရွက်ပေးမှသာ ပြည်သူများက လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်လာမည်ဖြစ်သကဲ့သို့ လွှတ်တော်နဲ့ နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်အားကိုးလာမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါ သည်လို့ ဆိုထားပါတယ်။

အင်မတန် မှန်ကန်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အထူးသဖြင့် အခုလိုမျိုး ဒီမိုကရေစီ အပြောင်းအလဲကာလမှာ ပြည်သူတွေကလွှတ်တော်နဲ့အစိုးရကို ယုံကြည်ဖို့က အရမ်း အရေးကြီး ပါတယ်။ ကျွန်တော်တို့ပြည်သူတွေက လွှတ်တော်နဲ့အစိုးရကို မယုံကြည်ဘူးဆိုရင်၊ လွှတ်တော် ပြင်ပ နိုင်ငံရေးဘက်မှာ ရောက်သွားရင် ကျွန်တော်တို့နိုင်ငံက ဗရမ်းဗတာ ဖြစ်နိုင်ပါတယ်။ ဒီလို ယုံကြည် လာနိုင်အောင်ဆိုရင် ကျွန်တော်တို့ ဒီလိုမျိုး ပြည်သူတွေကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်မှာ မေးမြန်းတဲ့၊ တင်ပြတဲ့ဟာ အစိုးရအဖွဲ့၊ ဝန်ကြီးဌာနတွေက လွှတ်တော်မှာ လာဖြေတဲ့ဟာ တွေကို သူတို့ အလေးထားပြီးတော့၊ တာဝန်ခံပြီးတော့ ဆောင်ရွက်ပေးမှသာ ပြည်သူတွေက လွှတ်တော်နဲ့ အစိုးရကို ပိုမိုယုံကြည်လာမည် ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ အစီရင်ခံစာကို လေ့လာတဲ့အချိန်မှာ အစိုးရအဖွဲ့၊ ဝန်ကြီးဌာနတွေက လွှတ်တော်မှာ ကတိကဝတ် လာပြုပြီးတော့ မဆောင်ရွက်သေးတဲ့ဟာ တော်တော်များပါတယ်။

ဒါသူ့ရဲ့ ဖွဲ့စည်းပုံအရ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရရဲ့သက်တမ်းဟာ (၅)နှစ်ပဲ ဖြစ်ပါတယ်။ သူက ကတိပြုလာတယ်ဆိုရင်တော့ ဒီ(၅)နှစ်အတွင်းမှာ သူဆောင်ရွက်နိုင်မယ့်ဟာတွေပဲ ကတိပြုသင့်ပါတယ်။ ပြီးတော့ ပြုထားတဲ့ဟာတွေကိုလည်း ပြီးမြောက်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အကယ်၍ ဝန်ကြီးဌာနတွေက ဒါ မဆောင်ရွက်ပေးဘူးဆိုရင်၊ တစ်မျိုးနဲ့ပြောမယ်ဆိုရင် လွှတ်တော်ကို မလေးမစားလုပ်တဲ့ပုံစံမျိုးလည်း ဖြစ်သွားနိုင်ပါတယ်။ ဒါအဲဒီလိုပဲ ကျွန်တော် ယူဆပါတယ်။ ဆိုတော့ ဒါ ကျွန်တော်တို့ ဝန်ကြီးဌာနတွေက လွှတ်တော်မှာ လာဖြေရင်တော့ အလေးထားပြီးတော့ ဖြေစေ ချင်တယ်။ ပြီးတော့ တာဝန်လည်း ခံစေချင်ပါတယ်။ အခြေခံဥပဒေမှာလည်း တာဝန်ခံမှု အဆင့်ဆင့်တွေ ကိုလည်း အခြေခံဥပဒေတွေမှာ ဖော်ပြထားပါတယ်။ ပြီးတော့ ဒီကတိကဝတ်၊ စိစစ်ရေးမှာလည်း အခြေခံဥပဒေက ဖွဲ့စည်းထားပေးတဲ့အတွက်ကြောင့် အစိုးရရဲ့လွှတ်တော်မှာ ပေးထားတဲ့ ကတိကဝတ် တွေ ဟာဆိုရင် အခြေခံဥပဒေအရ သူတို့ တကယ့်ကို ဆောင်ရွက်ဖို့လိုတဲ့ကိစ္စတွေပဲ ဖြစ်ပါတယ်။

ကျွန်တော်လည်း တင်ပြရင်းနဲ့ ဒီဟာတွေထဲမှာ ဆောင်ရွက်ခြင်းမရှိသေးတဲ့ ဒီဟာတွေကို ကျွန်တော်နှစ်ခုလောက် တင်ပြချင်ပါတယ်။ တစ်ခုကတော့ ဒီဖလမ်းမှာ တည်ဆောက်မယ့် လေယာဉ်ကွင်း ကိစ္စပေါ့။ ကျေးဇူးပြုပြီးတော့ Slide ထိုးပေးပါ။ ဒါကို ကတိကဝတ်ဖြစ်ခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့ မနှစ်တုန်းက ကတိကဝတ်က စိစစ်ပေးပြီးတော့ ဘတ်ဂျက်တော့ ဝန်ကြီးဌာနက ချပေးပါတယ်။ သန်း (၁၅၀၀)။ သို့သော် သမ္မတကနေ မှတ်ချက်ဖြင့် တခြားလိုအပ်ချက်တွေမှာ ဒီငွေကိုသုံးပါ။ ဆိုပြီးတော့ မှတ်ချက်လာတဲ့အခါကျတော့ ဒီဝန်ကြီးဌာနကို ကျွန်တော် ဖုန်းဆက်ပါတယ်။ ဖုန်းဆက်ပြီးတော့ တာဝန်ရှိတဲ့သူကို မေးတဲ့အချိန်မှာ သူတို့အနေနဲ့ လေယာဉ်ကွင်းနဲ့ သဘော်ာနဲ့သွားတဲ့ ရေကြောင်းလမ်းတွေက လွဲလို့ သူတို့မှာ ခေါင်းစဉ်လွဲပြီးတော့ ဆောင်ရွက်ရတဲ့ကဏ္ဍမှာ အခက်အခဲရှိတယ်လို့ ကျွန်တော်ကြားသိရပါတယ်။ ဆိုတဲ့အချိန်ကျတော့ ဒါက မပြီးပြတ်သေးတဲ့ ကိစ္စပေါ့နော်။ ဒါ သူတို့ အစိုးရကတိကဝတ်ကို ဆောင်ရွက်ခြင်း မပြုပေးတဲ့အတွက်ကြောင့် ပြည်သူလူထုတွေက မစောင့်နိုင်ဘဲနဲ့ သူတို့ဟာသူတို့ စက်နဲ့ ကိုယ်ထူကိုယ်ထနဲ့ ဖောက်နေကြတာ ဖြစ်ပါတယ်။

ဒီနေရာလောက် ကောင်းတဲ့နေရာ မရှိပါဘူး။ ချင်းပြည်နယ်မှာ။ ပေ(၁၂၀၀၀)လောက်အထိ ရနိုင် ပါတယ်။ နည်းနည်းလေး မြင်နေရတဲ့တောင်ကို နည်းနည်းဖြိုဖို့လောက်ပဲ ရှိပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလိုမျိုး နေရာပေါ့၊ အိန္ဒိယ၊ မိဇိုရမ်ပြည်နယ်မှာတော့ ဘတ်ဂျက်ပေးတဲ့အချိန်မှာ ဒေါ်လာနဲ့ သန်းပေါင်း (၁၄)မီလီယံလောက် ကုန်အောင် သူက လေယာဉ်ကွင်း ဖောက်ခဲ့ဖူးပါတယ်။ သူတို့ဆီမှာ လုပ်တဲ့အချိန်မှာ ချိုင့်တွေ ပေ(၄၀၀)နက်တဲ့ ချိုင့်တွေကိုတောင်မှ သူတို့ မြေဖို့ပေးပါတယ်။ တောင်ပေါ်မှာ လေယာဉ်ကွင်း လုပ်မယ်ဆိုရင်တော့ ဒီလောက်ကုန်ပါတယ်။ သူတို့ဆီမှာ ကျွန်တော်တို့ဆီမှာ ဒီလောက် မကုန်ပါဘူး။ သူက သဘာဝအားဖြင့် ညီညာပြီးသား ဖြစ်ပါတယ်။ ဒါကိုလည်း ကတိကဝတ်ဖြစ်ပြီးသား ဖြစ်တဲ့ အတွက်ကြောင့် ဒါ ဥက္ကဋ္ဌဆီမှာ ထပ်မံတင်ပြချင်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော် လွှတ်တော်မှာ ကတိကဝတ် ဟုတ်ကဲ့ရပါပြီ ဒါကတော့။ အလုပ်သမားဝန်ကြီးဌာနကပေါ့နော်၊ ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း မေးပြီးတော့ ကတိကဝတ်လာပြုသွားတဲ့ဟာတစ်ခု ရှိပါတယ်။ ဒါကတော့ ဥက္ကဋ္ဌကြီးလည်း မှတ်မိမှာပါ။ ဟောင်ကောင်နဲ့ စင်ကာပူမှာ အလုပ်သမား၊ အမျိုးသမီး ပြည်တွင်းအလုပ်သမား အိမ်တွင်းအလုပ်သမားတွေ ကိစ္စပေါ့နော်။ ဒီမှာ ဝန်ကြီးက လာဖြေတာ၊ ဒုဝန်ကြီးက လာဖြေတာ။ MoU ထိုးပြီးတာနဲ့ လွှတ်ပါမယ်လို့ လွှတ်တော်မှာ ကတိလာပြုသွားပါတယ်။ ဟောင်ကောင်ကတော့ MoU ထိုးပြီးသွားပါပြီ။ အခုထိ သူတို့ အေဂျင်စီတွေကို လွှတ်ခွင့်မပေးသေးတာ တွေ့ရပါတယ်။ စင်ကာပူကကျတော့ MoU ကို သူတို့နိုင်ငံရဲ့ Competition Law အရပေါ့နော်။ ဒီဘက်မှာ လိုချင်တဲ့ပုံစံမျိုး သူတို့ အဆင်မပြေကြောင်း ကြားသိရပါတယ်။

သို့သော်ကျွန်တော်ကပြောချင်တာက ဒီ MoU ဆိုတာက ထိုင်းလိုမျိုး၊ ဒီဟောင်ကောင်လိုမျိုး တခြားနိုင်ငံတွေမှာပေါ့။ ဥပဒေအရပေါ့နော်။ သူ့အနေနဲ့လည်း ကျွန်တော်တို့နိုင်ငံကို Source Country အဖြစ်မသတ်မှတ်တဲ့ နိုင်ငံတွေပေါ့။ အဲလိုမျိုးမှာ ပို့ချင်တယ်ဆိုတာက MoU ထိုးတာက တော်တော်လေး မှန်ကန်ပါတယ်၊ လိုအပ်ပါတယ်။ သို့သော် ကျွန်တော်တို့ ဥပဒေတွေ၊ နည်းဥပဒေတွေ ရှိပြီးသား စင်ကာပူလို နိုင်ငံမျိုးမှာဆိုရင် မြန်မာနိုင်ငံကို Source Country အဖြစ် သတ်မှတ်ထားပြီးသား ဖြစ်တယ်။ ပြီးတော့ ဒါအလုပ်သမား တွေလည်း ပုံမှန်သွားနေကျနိုင်ငံ ဖြစ်တယ်။ ဒီလိုမျိုးနိုင်ငံကို MoU သွားထိုးခိုင်းတာက သဘာဝမကျပါဘူး။ နှစ်ဘက်မှာရှိတဲ့ ဥပဒေတွေ၊ နည်းဥပဒေအတိုင်းပဲ ဆောင်ရွက်ရမှာ

ဖြစ်ပါတယ်။ MoU က ဥပဒေတွေ၊ နည်းဥပဒေတွေကိုလည်း မလွှမ်းနိုင်ဘူး။ ဆိုတဲ့အချိန်ကျတော့ ကျွန်တော်တို့ သူတို့ဆီက တင်ပြလာတဲ့ Demand Letter ကို အလုပ်သမားဝန်ကြီးဌာနကို တင်ပြတဲ့ အချိန်မှာ ဟုတ်ပါပြီ အေဂျင်စီတွေကို ဒီလို တာဝန်ခံလိုက်ပါ။

ဒီလို တာဝန်ခံပြီးတော့ လုပ်ပါ။ ဆိုပြီးတော့ ကျွန်တော်တို့ဘက်ကို ကြားဝင်ပြီးတော့ အေဂျင်စီ တွေကို တာဝန်ခံခိုင်းရင် ရပါတယ်။ ဒီလိုပဲ လုပ်သင့်တယ်။ သူ့ရဲ့ Procedure က ဒီလိုပဲ ဖြစ်ပါတယ်။ အဲလိုမျိုး စနစ်တကျနဲ့ မလုပ်တဲ့အချိန်ကျတော့ သွားချင်တဲ့သူကလည်း တော်တော်များတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။ နေ့တိုင်း သွားနေကြတယ်။ နေ့တိုင်းသွားနေတဲ့ အချိန်ကျတော့ သူ့ရဲ့မှန်ကန်တဲ့ လမ်းကြောင်းနဲ့ မဟုတ်တဲ့ အခါကျတော့ ဘယ်လိုလည်းဆိုတော့ ဒီပြဿနာတစ်ခုခု ဖြစ်လာတဲ့အချိန်မှာ ကိုင်တွယ်ဖို့ နည်းလမ်းက ခက်သွားတယ်။ ပြီးတော့ သူတို့ရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးကလည်းဆုံးရှုံးသလို ပိုပြီး ဖြစ်သွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အခြေခံဥပဒေမှာလည်း နိုင်ငံသားတွေရဲ့ လွတ်လပ်ခွင့် အလုပ်အပေါ်မှာပေါ့နော်။ လွတ်လပ်ခွင့် ပြီးတော့ အလုပ်သမားတစ်ယောက်က အလုပ်လက်မဲ့ မဖြစ် အောင် ပြဋ္ဌာန်းချက်တွေ၊ ပြီးတော့အများကြီးရှိပါတယ်။ အခြေခံမူတွေမှာရော၊ ပြီးတော့ အခန်း(၈) နိုင်ငံသားတွေရဲ့ အခွင့်အရေးပေါ်မှာတွေလည်း ဒီလိုပဲနိုင်ငံသားတွေ သူတို့ လုပ်ချင်တဲ့ဟာကို လုပ်နိုင် အောင်၊ အလုပ်လက်မဲ့ မဖြစ်အောင် ဒါတွေ ပြဋ္ဌာန်းချက်တွေလည်း အများကြီးရှိပါတယ်။ ပြီးတော့ လူ့အခွင့်အရေး ကြေညာစာတမ်းမှာလည်း ကျွန်တော်တို့ အရင် တင်ပြထားတဲ့အတိုင်း အလုပ်သမား တစ်ယောက်က Free Choice Of Employment အလုပ်အကိုင်ကို သူ လုပ်ချင်တဲ့ဟာကို လွတ်လပ်စွာ ရွေးချယ်ခွင့် ပေးထားပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံကလည်း လူ့အခွင့်အရေး ကြေညာစာတမ်းကို လက်မှတ်ထိုးတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုမျိုး စနစ်တကျနဲ့ မှန်မှန်ဖြစ်သွားအောင် ဝန်ကြီးဌာနက လွှတ်တော်မှာ ကတိကဝတ် လာပြုထားတဲ့အတိုင်းပဲ ဆောင်ရွက်ပေးစေချင်ပါတယ်။ ဒါတွေကိုလည်း ဥက္ကဋ္ဌကြီးဆီမှာ တင်ပြချင်ပါတယ်။ နိဂုံးအားဖြင့် ပြောမယ်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနတွေက လွှတ်တော်မှာ ကတိကဝတ် လာပြုသွားတဲ့ဟာတွေကို အလေးထားပြီးတော့ ဆောင်ရွက်ပေးနိုင်အောင် ဥက္ကဋ္ဌကြီးက ကြပ်မတ်ပေးနိုင်ပါရန် တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃:၅၃။**

**ဥက္ကဋ္ဌ။** ။ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များကလွှတ်တော် သက်တမ်းကုန်တဲ့အခါမှာ အားလုံး အကောင်အထည်ဖော်ပြီးဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရုံး အနေနဲ့ နိုင်ငံတော်သမ္မတဆီကို လိပ်မူပြီးတော့ အခု(၁)ကြိမ်၊ နောက် (၃)လပြည့်တဲ့အချိန်မှာ (၁)ကြိမ်၊ နောက် (၂)လပြည့်တဲ့ အချိန်မှာ (၁)ကြိမ်၊ နောက် (၁)လ(၁)ကြိမ်၊ နောက်ဆုံး ပုံမှန်အစည်းအဝေးကာလ ဆိုရင်တော့ တစ်ခုကတိဖြစ် တစ်ခုပို့မှ လွှတ်တော်လည်းပြီး၊ လုပ်ငန်းအကောင်အထည်ဖော်တာလည်း ပြီးမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးသွားပါမယ်။ လွှတ်တော်ရုံးက မှတ်သားဆောင်ရွက်ဖို့။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၄။**

**ဦးမှတ်ကြီး (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနဲ့တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့ သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်း များ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံနိုင်ရန်အတွက် မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမှတ်ကြီး က အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

လွှတ်တော်က သဘောတူတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ကချင်ပြည်နယ်ရှိ ရတနာမြေဒေသတွင် ကျောက်စိမ်းတူးဖော်ပြီးသော လုပ်ကွက်နေရာများ၌ လူများနေထိုင်နိုင်သည့်နေရာ၊ နှစ်ရှည်ပင်များစိုက်ပျိုးနိုင်သည့် နေရာဖြစ်အောင် နှစ်ရှည်စီမံကိန်း ရေးဆွဲပြီး ဆောင်ရွက်သင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၆)မှာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က ၎င်းတင်သွင်းမယ့် အဆိုနဲ့ပတ်သက်လို့ အဆင်သင့်မဖြစ်သေးတာလည်း တစ်ကြောင်း၊ လက်ရှိအခြေအနေအရလည်း အဆင်မပြေသေးတဲ့အတွက် ဒါကို ဆိုင်းငံ့ဖို့ တင်ပြထားပါတယ်။ တင်ပြချက်ကိုလည်း ဥက္ကဋ္ဌအနေနဲ့ ခွင့်ပြုထားတဲ့အတွက် ဒီနေ့ ဒီအစီအစဉ်ကို ဆောင်ရွက်ခြင်းမပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၃း၅၈ နာရီအချိန်တွင်ရပ်နားပါသည်။]